မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်၊ ၂၀၁၀ခုနှစ်၊ မတ် ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၆၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရေဝတီတံတား(မလွန်)အပါအဝင် ရေဝတီတံတားစီမံကိန်း(၅)ခု တစ်ပြိုင်တည်းတည်ဆောက်နေ အင်ဂျင်နီယာများ၏ လုပ်ငန်းအတွေ့အကြုံ လုပ်ရည်ကိုင်ရည်နှင့် ကျွမ်းကျင်မှုကို ယုံကြည်အားထား

လုပ်ငန်းအရေအတွက်ရော ပမာဏပါ များပြားသည်နှင့်အမျှ အစစအသေချာခိုင်မာအောင် အလေးဂရုပြု လုပ်ငန်းတိုင်း၌ အရည်အသွေး စံချိန်စံညွှန်းမီပြီး သတ်မှတ်ကာလအတွင်းပြီးစီးရေး ကြိုးစားလုပ်ကိုင်

နေပြည်တော် မတ် ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် မတ် ၁၃ရက် နံနက် ၉နာရီခွဲတွင် မကွေးတိုင်း ပခုက္ကူမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ပခုက္ကူတပ်နယ်မှ ဗိုလ်မှူးကြီးမြထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြိုဆို

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ပခုက္ကူ-မြိုင် မော်တော်ကားလမ်းအနီးရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန စက်မှုသင်တန်းကျောင်း(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းမန်နေဂျာနှင့် ကျောင်းအုပ်ကြီးတို့က ကြိုဆိုကြသည်။

လိုက်လံရှင်းလင်းပြသ

ယင်းနောက် ဗိုလ်ချုပ်ကြီးသည် သင်တန်းကျောင်းအတွင်းရှိ ပင်မဆောင်နှင့် စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ရေဝတီတံတား(မလွန်) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကောင်းမြတ်သူ - ရှာဖွေတင်ပြသည်

မဲလ်ဘုန်း မတ် ၁၆

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ မတ် ၁၂ရက်က ကမ္ဘာ့အရှည်ဆုံးနှင့် အကြီးဆုံး နေ့လယ်စာ စားသောက်ပွဲကြီး တစ်ရပ် ကျင်းပခဲ့သည်။ အဆိုပါ နေ့လယ်စာ စားသောက်ပွဲကြီးတွင်လူဦးရေ ၉၀၀ကျော်တို့အား နေ့လယ်စာနှင့် စားသောက်ဖွယ်ရာများ တည်ခင်းဧည့်ခံကျွေးမွေးခဲ့ပြီး ကမ္ဘာပေါ်တွင် အရှည်ဆုံးနှင့် အကြီးဆုံး နေ့လယ်စာ စားသောက်ပွဲကြီး ဖြစ်ခဲ့သည်။ ယင်းမှာ အရှည်အားဖြင့် မီတာ ၄၀၀(၁၃၁၂ ပေ) ရှိခဲ့ကြောင်း သိရသည်။ ။ (အင်တာနက်)



တိမ် အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၁၇ ရက်)

ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ထိန်းသိမ်းတိုးမြှင့်ဖော်ဆောင်

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းများ၏ လူမှုစီးပွားရေးဘဝ တိုးတက်လာစေရန် ရထားလမ်းများကို ကွန်ရက်သဖွယ် ဖောက်လုပ်လျက်ရှိရာ ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ သရက်-မင်းလှ ရထားလမ်းပိုင်းကို မတ်လ ၁၄ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။

သရက်-မင်းလှ ရထားလမ်းပိုင်းသည် ၅၃ မိုင်ခန့် ရှည်လျားပြီး ကြံခင်း-ပခုက္ကူရထားလမ်းမိုင် ၃၂၀၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကြံခင်းဘက်မှ ဥသျှစ်ပင်၊ ကံမ၊ သရက်အထိ လမ်းပိုင်းအလိုက် ဖွင့်လှစ်သကဲ့သို့ ပခုက္ကူဘက်မှ ကျွန်းချောင်းအထိ ၂၇မိုင် ဖွင့်လှစ်ခဲ့ပြီးဖြစ်၍ မင်းလှမှ ကျွန်းချောင်းအထိ ၁၃၈မိုင်ခန့်သာ ဖောက်လုပ်ရန်ကျန်ရှိတော့သည်။

ရထားလမ်းများအနေဖြင့် မြန်မာနိုင်ငံမြောက်ပိုင်း မြစ်ကြီးနားမြို့မှ တောင်ပိုင်း ထားဝယ်မြို့အထိလည်းကောင်း၊ အရှေ့ဘက် ရှမ်းပြည်နယ် မိုးနဲမြို့မှ အနောက်ဘက် ကလေးမြို့အထိလည်းကောင်း ရထားလမ်းခရီးများ တိုးတက်ဖြစ်ထွန်းလာခဲ့သကဲ့သို့ အရှေ့တောင်ဘက် လှိုင်ကော်မြို့အထိ ရထားလမ်းခရီးဖြင့် သွားလာနိုင်ကြပြီဖြစ်သည်။

ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်း ဖောက်လုပ်ရန် စီမံထားပြီးဖြစ်၍ ယင်းလမ်းကို ဧရာဝတီမြစ် အနောက်ဘက်ရှိ ကြံခင်း-ပခုက္ကူ ရထားလမ်းနှင့် ဆက်စပ်လိုက်ပါက ဧရာဝတီ အရှေ့ခြမ်းနှင့် အနောက်ခြမ်းဒေသများမှ နေပြည်တော်အထိ တစ်ဆက်တစ်စပ်တည်း ရထားလမ်းခရီးဖြင့် သွားလာနိုင်ကြမည်ဖြစ်သည်။

သရက်- မင်းလှ ရထားလမ်းအပါအဝင် ရထားလမ်းများသည် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝတိုးတက်မြင့်မားရေးနှင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းသည် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့် စေတနာ၊ မှန်ကန်သည့် ရပ်တည်ချက်မှ ပေါက်ဖွားလာသည့် အကျိုးရလဒ်ကောင်းများပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ရထားလမ်းများ ဖောက်လုပ်ပေးသည့်နည်းတူ ကားလမ်းမကြီးများ၊ တံတားကြီးများ ဖောက်လုပ်တည်ဆောက်ခြင်း၊ လေယာဉ်ကွင်းသစ်များ အသစ်တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးများ ဆိုက်ကပ်နိုင်သော ဆိပ်ခံတံတားများ တည်ဆောက်ပေးခြင်းတို့ကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများက တည်ရှိပြီးဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းတိုးမြှင့်ဖော်ဆောင်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၁၈-၃-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် (မောရသုတ်+ဝဋ္ဋသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (လမ်း၌ယဉ်ကျေးခြင်း)
၈း၃၅ တေးပဒေသာ
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ခိုင်မြဲသာ)
၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ (အဲစက်နယူတန်-ဒေါက်တာ ခင်မောင်ညို)
၁၁း၅၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန် ဇာနည်စစ်သည် တေးပန်းချီ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (စဥ့်နှင့် စဥ့်ရည်သုတ်လုပ်ငန်း)
၁၂း၃၀ Music Talk (15) တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ အမှတ်တရတေးလက်ဆောင်
၁၇း၁၀ ဘဝတစ်ကွေ့ အတွေ့အကြုံ **(အသက်တစ်ချောင်း ကယ်ကောင်းပါတယ်)** တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ရေဒီယိုဇာတ်လမ်းတွဲများ **ချစ်သူသူရဲကောင်း**(ဇာတ်သိမ်းပိုင်း)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ရှောင်လေဝေးဝေး)
၁၈း၄၀ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ သုတစုံကြွယ်သိစေဖွယ် (မိဘကျေးဇူး-ချစ်နိုင်-စိတ်ပညာ)
၁၉း၄၀ ရေဒီယိုအတိတ် တေးအရိပ်
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာ သီရိဂေဟာ (ဥက္ကာဦးသာနဲ့ရှင်ဖုန်း)
၂၀း၅၀ တေးသံစုံ-နိုင်ငံတော်ဆိုင်းအဖွဲ့ရဲ့ နွေဦးဂိမှာန် တေးသံသာ စီးပွားရေးဦးတည်ချက်
၂၁း၀၀ ဆောင်းပါး (အကောင်းမြင်တတ်သူတွေနဲ့ပေါင်း)
၂၁း၀၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု မြစ်ကြီးနားတွင် ကျင်းပ
တိုင်းမှူးဗိုလ်ချုပ်စိုးဝင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၁၆

အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၁၀) ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၂ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၁၀)သဝဏ်လွှာကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးက ဖတ်ကြားကာ အလှူရှင်တစ်ဦးက အနံ့အသက်ပျောက် ဆေးရည်ပုလင်းများကို ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဧည့်သည်တော်များက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းငယ်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တိုင်းမှူးသည် မြစ်ကြီးနားမြို့ ပြည်နယ်အထွေထွေရောဂါကု ဆေးရုံကြီးသို့ သွားရောက်ပြီး ဆေးရုံလူနာဆောင်များ သန့်ရှင်းသာယာရေးဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့သည်။ (သတင်းစဉ်)

၁၉၇၈ ခုနှစ် ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၆

၁၉၇၈ ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်နောက်ဆုံးနှစ် ဘူမိဗေဒ ကျောင်းသားဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို မတ်၂၀ရက် (စနေနေ့) ညနေဖြနာရီတွင် M-3 Restaurant ၌ ကျင်းပမည်ဖြစ်သည်။ အခမ်းအနားတွင် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သော ကျောင်းသားဟောင်းများ၏ သားသမီးများကိုပါ ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်ရာ ဦးမြထူး၊ ဦးကျော်ထူး ဖုန်း-၅၅၈၄၆၁၊ ဦးနေဝင်း ဖုန်း-၂၉၅၁၀၃၊ ဦးတင်ဦး ဖုန်း- ၅၂၆၂၃၁၊ ဦးအောင်မြ ဖုန်း-၀၉-၅၁-၀၆၆၃၁၊ ဦးဟန်ငြိမ်း ဖုန်း-၂၀၂၈၀၂၊ ဦးမြင့်ဖုန်း ဖုန်း-၂၂၂၆၁၃၊ ဦးအောင်ကြိုင် ဖုန်း-၀၉-၅၀-၀၂၉၇၄၊ ဦးဇေမျိုးလှိုင် ဖုန်း-၀၉-၈၀-၃၂၄၅၈၊ ဦးအောင်မြင့်ကျော် ဖုန်း-၃၇၄၆၄၂၊ ဦးသောင်းလွင် ဖုန်း-၀၉-၅၁-၁၈၆၅၀၊ ဦးမင်းအောင် ဖုန်း-၀၉-၅၀-၅၅၅၅၁၊ ဦးစည်အောင် ဖုန်း-၀၉-၅၀-၁၉၁၄၀၊ ဦးလှရွှေ ဖုန်း-၀၉-၅၀-၉၂၆၁၆၊ ဦးယောလှိုင် ဖုန်း-၀၉-၅၁-၆၃၁၈၇နှင့် ဦးအောင်ကျော်ထွန်း ဖုန်း-၅၅၈၃၀၇တို့သို့ ဆက်သွယ် စာရင်းသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသိင်္ဂီ၊ သားကိုဘုန်းနိုင်ဦး၊ ဒေါက်တာစုစုလှိုင်နှင့် သမီး မဖြူသန့်ပိုင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆွမ်းတစ်နေ့တာ အလှူငွေကျပ် ၃၄၈၀၀၀ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။ (သတင်းစဉ်)

ရေလုပ်ငန်းဆိုင်ရာ တိုးတက်ဆောင်ရွက်ရေးနှင့်တိရစ္ဆာန်မွေးမြူကုသရေး
မွေး/ရေ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဆွေးနွေးမှာကြား

ရန်ကုန် မတ် ၁၆

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မတ် ၁၄ရက် မွန်းလွဲပိုင်းက တနင်္သာရီတိုင်း ထားဝယ်မြို့ရှိ ထားဝယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ငါးလုပ်ငန်းဦးစီးဌာန တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဝန်ထမ်းများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်ခွဲ(ထားဝယ်)မှ ဝန်ထမ်းများအား တွေ့ဆုံ၍ ရေလုပ်ငန်းဆိုင်ရာ တိုးတက်ဆောင်ရွက်မည့် အခြေအနေ၊ တိရစ္ဆာန်မွေးမြူကုသရေးဆိုင်ရာ အခြေအနေများကို ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

မှာကြား

ထို့နောက် တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးဌာနမှူးက မြန်မာ့ပင်လယ်ပြင် ငါးဖမ်းဆီးထုတ်လုပ်မှုနှင့် သယံဇာတထိန်းသိမ်းမှုဆိုင်ရာ အခြေအနေများကိုလည်းကောင်း၊ ထားဝယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးတို့က ဒီရေရောက်တောများ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ထပ်မံစိုက်ပျိုးပြီးစီးမှု၊ ကဏန်းဘေးမဲ့ဇုန်များ သတ်မှတ်ပြီးစီးမှု၊ မွေးမြူရေးခြံများအတွင်း ဇီဝလုံခြုံရေး အလေးပေးဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းလမ်းညွှန်ချက်များကို အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟသ်ာတကမ်းနားတာ ခေတ်မီနည်းပညာဖြင့် ဆောင်ရွက်နေမှု လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် မတ်၁၅ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ဓနုဖြူမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဟသ်ာတမြို့နယ်များရှိ ကားလမ်းဘေးဝဲယာတစ်လျှောက်၌ နွေစပါးစိုက်ပျိုးထားမှု၊ ပဲတီစိမ်းနှင့် နေကြာသီးညှပ်စိုက်ခင်းများ ရိတ်သိမ်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ဟသ်ာတမြို့သို့ရောက်ရှိ၍ ဟသ်ာတမြို့ လက်သမားရပ်ကွက်အနီး ဧရာဝတီမြစ်ကမ်းတစ်လျှောက် ဟသ်ာတကမ်းနားတာ တာမိုင်အမှတ်(၈/၃)နှင့်(၈/၄)တို့အကြား၌ ဆည်မြောင်းဦးစီးဌာနက တာဖြောင့်ပြုပြင်နေမှု၊ ကမ်းနားတာ ပိုမိုခိုင်ခံ့မှုရှိရန် ဂျီအိုကျူဖြင့်ပြုလုပ်ပြီး တာဖို့ရန် ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ဝန်ကြီးအား ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်နှင့် ရူဝံအင်ဂျင်နီယာ ကုမ္ပဏီမှ အကြံပေးပုဂ္ဂိုလ် ဦးမျိုးညွန့်တို့က မူလကမ်းနားတာကို အရှည်ပေ ၁၉၈၀၊ အမြင့်ပေ ၂၀၊ အကျယ်ပေ ၄၀ တာချဲ့ပြုပြင်ပြီးစီးမှု အခြေအနေနှင့် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ခေတ်မီနည်းပညာဖြင့် ဂျီအိုကျူ အသုံးပြုပြီး ခိုင်ခံ့အောင်တာဖို့မှု လုပ်ငန်း လက်တွေ့ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် ကမ်းနားတာချဲ့ထွင် ပြုပြင်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာဖြောင့်ပြုပြင်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ ဟသ်ာတကမ်းနားတာ တာဖြောင့်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်/ဆည်)

သစ်ဆိပ်အတွင်း သစ်လုံးများစနစ်တကျထားရှိမှု သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၁၃ရက် နံနက်ပိုင်းက ကျိုက်ထိုမြို့နယ် အင်္ဂပိုသစ်ဆိပ်သို့ ရောက်ရှိရာ သစ်ဆိပ်ရှင်းလင်းဆောင်၌ မွန်ပြည်နယ် သစ်ထုတ်ရေးဌာန ဒုတိယအထွေထွေမန်နေဂျာက သစ်ဆိပ်သို့ သစ်လုံးများရောက်ရှိမှု၊ သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် သစ်ဆိပ်အတွင်း သစ်လုံးများစနစ်တကျထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

စနစ်တကျထားရှိ

ထို့နောက် ဝန်ကြီးသည် ကျိုက်ထိုမြို့နယ် ၂၀၀၉ခုနှစ် ကျွန်းတစ်အုပ်တစ်မစိုက်ခင်းကိုလည်းကောင်း၊ ကျိုက်ထိုမြို့ ပြည်တွင်းရောင်းဝယ်ရေးနှင် သစ်စက်ဌာန အမှတ်(၈၁) သစ်စက်၌ သစ်ခွဲစိတ်လည်ပတ်မှု အဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများ စနစ်တကျထားရှိမှုတို့ကို လည်းကောင်း၊ မော်လမြိုင်မြို့နယ် ကြာအင်းကျေးရွာ ၂၀၀၉ခုနှစ် ကျေးရွာပိုင် သစ်တောစိုက်ခင်း တစ်ဧကကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် မော်လမြိုင်မြို့၌ မွန်ပြည်နယ် သစ်တောဦးစီးဌာနနှင့် သစ်ထုတ်ရေးဌာနအောက်ရှိ ဝန်ထမ်းများအားလည်းကောင်း၊ ဘားအံမြို့ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ ကရင်ပြည်နယ်အတွင်းရှိ သစ်တောဦးစီးဌာနနှင့် သစ်ထုတ်ရေးဌာနတို့မှ ဝန်ထမ်းများအားလည်းကောင်း တွေ့ဆုံ၍ ဌာနရည်မှန်းချက် တာဝန်များ အောင်မြင်အောင် ဆောင်ရွက်ရေး မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးသည် ညနေပိုင်းတွင် ဘားအံမြို့ သစ်တောဦးစီးဌာန ကရင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးသို့ရောက်ရှိရာ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ် သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် သစ်ထုတ်ရေးဌာန ဒုတိယအထွေထွေမန်နေဂျာတို့က သစ်တောလုပ်ငန်းများနှင့် သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးသည် မတ် ၁၄ ရက် နံနက်ပိုင်းက မြဝတီမြို့နယ်ရှိ မြွေးကြွယ်လင်းကုမ္ပဏီ ဝေ့ရှမ်းသစ်ဆိပ်နှင့် ဇရပ်ဖြူကုန်းကျေးရွာ ကျေးရွာပိုင်ယူကလစ် စိုက်ခင်း တစ်ဧကတို့ကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် မြဝတီမြို့ အေးချမ်းဖြိုးရိပ်သာ၌ မြဝတီမြို့ရှိ သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဌာနရည်မှန်းချက် တာဝန်များ အောင်မြင်အောင် ဆောင်ရွက်ရေး မှာကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် မတ် ၁၅ရက် နံနက်ပိုင်းတွင် ပဲခူးမြို့နယ် ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၉၀) သစ်စက်သို့ရောက်ရှိပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်၊ ခွဲစိတ်ပြီး သစ်ခွဲသားများ စနစ်တကျထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပဲခူးမြို့နယ် အမှတ် (၉၀) သစ်စက်တွင် သစ်ခွဲစိတ်လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကတ္တရာကွန်ကရစ်ထပ်ပိုးခင်းနေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့ နံနက် ၇နာရီခွဲက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ သစ္စာလမ်းနှင့် ကျောက်ကုန်းလမ်းဆုံအနီး သစ္စာလမ်းသို့ရောက်ရှိပြီး ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)က လူအား၊ စက်ယန္တရားအားတို့ဖြင့် ကတ္တရာကွန်ကရစ် အရှိန်အဟုန်မြှင့် ထပ်ပိုးခင်းနေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အချောသပ်ပြီးစီးတော့မည်

အဆိုပါ သစ္စာလမ်းသည် တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းဆုံမှ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းဆုံအထိ အရှည်ပေ ၁၂၀၀၀နှင့် အကျယ် ၄၈ ပေရှိ လေးလမ်းသွားဖြစ်ပြီး အပိုင်းလိုက် ကတ္တရာကွန်ကရစ် ထပ်ပိုးခင်းလျက်ရှိရာ မကြာမီ လုပ်ငန်းတစ်ခုလုံး အချောသပ်ပြီးစီးတော့မည်ဖြစ်သည်။

(သတင်းစဉ်)

ကျော်ဖုံးမှ

ရတနာပုံမြို့သစ်ကြီးကို အဆင့်မြင့်နည်းပညာမြို့အဖြစ် လျာထား တည်ဆောက်ခြင်းဖြစ်ပြီး ရတနာပုံ မြို့သစ်ကြီးသည် မန္တလေး-လားရှိုးလမ်းမကြီးအနီး၌ တည်ရှိသည်။ နည်းပညာမြို့တော်ဖြစ်သည့် ရတနာပုံမြို့သစ်ကြီး၏ အဓိကအရေးပါသည့် ပင်မအဆောက်အအုံကြီးဖြစ်သော ရတနာပုံတယ်လီပို့ အဆောက်အအုံကို ၂၀၀၆ခုနှစ် ဖွန် ၃၀ရက်၌ စတင်ဆောက်လုပ်ကာ ၂၀၀၇ခုနှစ် ဒီဇင်ဘာလအတွင်းတွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

ဝင့်ထည်စွာရပ်တည်နိုင်

ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းကို ကုမ္ပဏီ၁၆ခုက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ရတနာပုံမြို့သစ်တည်ဆောက်ပေးခြင်းဖြင့် ဒေသနေလူငယ်များအတွက် အဆင့်မြင့်နည်းပညာများကို လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းများ တိုးပွားကာ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးစည်ပင်လျက် အနာဂတ်ကာလတွင် နည်းပညာမြို့အဖြစ် ကမ္ဘာ့အလယ်ဝင့်ထည်စွာရပ်တည်နိုင်တော့မည်ဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ပညာရွှေအိုး လူမခိုး

မြန်မာ့အလင်း

အင်တာနက်ကျန်းမာရေး

ဟင်းသီးဟင်းရွက် စားသုံးသူများ ကင်ဆာရောဂါဖြစ်ပွားမှု နည်းပါး

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စားသုံးခြင်းသည် ကင်ဆာရောဂါအချို့ ဖြစ်ပွားမှုကို နည်းပါးစေနိုင်ကြောင်း ဗြိတိသျှ သိပ္ပံပညာရှင်များက လေ့လာတင်ပြထားသည်။

သုတေသနပြုလေ့လာ

အဆိုပါ သုတေသန သိပ္ပံပညာရှင်များသည် လူဦးရေ ၅၂၇၀၀ အား ဖော်ပြပါ အကြောင်းအရာနှင့် စပ်လျဉ်းပြီး သုတေသနပြု လေ့လာခဲ့ကြသည်။ ယင်း လူဦးရေတွင် အမျိုးသားများရော အမျိုးသမီးများပါဝင်သည်ဟု ဆိုသည်။

ကာကွယ်နိုင်စွမ်းရှိ

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စားသုံးသူအများစုမှာ အသားစားသုံးမှုများထက် ကင်ဆာရောဂါအချို့ကို ကာကွယ်နိုင်စွမ်းရှိကြောင်း လေ့လာတွေ့ရှိခဲ့သည်။ ။ (အင်တာနက်)

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

နေပြည်တော် မတ် ၁၆

၁။ **ကမ္ဘာတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီအထိ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော နိုင်ငံပေါင်း ၆၁နိုင်ငံရှိပြီး ၂၀၁၀ခုနှစ် ဇန်နဝါရီအတွင်း မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ အချို့အပါအဝင် နိုင်ငံခုနစ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုရှိကြောင်း သိရှိရသည်။

(ခ) **လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီလအထိ နိုင်ငံ ၁၅နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ (H5N1)လူသို့ကူးစက်မှု ၄၇၁ဦးရှိပြီး ၂၈၂ဦး သေဆုံးကြောင်း သိရှိရသည်။

၂။ **မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေး ရောဂါ သုံးကြိမ်ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဥစားကြက် မွေးမြူရေးခြံတစ်ခြံ၌ ဖြစ်ပွားသဖြင့် ရောဂါထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

၃။ **ရောဂါကာကွယ်ထိန်းချုပ်ရေး**

အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အလေးထား ဆောင်ရွက်ရန်၊

(ခ) မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်း ဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊

(ဂ) ကြက်ငှက်အသေများကို စားသုံးခြင်း၊ ရောင်းချခြင်း၊ စည်းကမ်းမဲ့လွှင့်ပစ်ခြင်းမပြုဘဲ စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊

(ဃ) ကြက်ငှက်များ သံသယဖြစ်ဖွယ် သေဆုံးကြောင်း သိရှိပါက နီးစပ်ရာဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်၊

(င) ကြက်ငှက် အသား၊ ဥတို့ကို ကျက်အောင် ချက်ပြုတ်စားသုံးရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

လျှပ်စစ်ကားထုတ်လုပ်ရေး ဒေါ်လာ ၁၂ဘီလီယံ တောင်ကိုရီးယား ရင်းနှီးမြှုပ်နှံမည်

ဆိုးလ် မတ် ၁၆

တောင်ကိုရီးယားနိုင်ငံ၏ လျှပ်စစ်မော်တော်ကားထုတ်လုပ်မှုကဏ္ဍအတွက် အမေရိကန်ဒေါ်လာ ၁၂ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း နိုင်ငံပိုင်စက်မှုသုတေသနအဖွဲ့ (ကေအီးအိုင်တီ)က မတ် ၁၅ရက်၌ ပြောကြားသည်။

ကနဦးထုတ်လုပ်

တောင်ကိုရီးယားနိုင်ငံ၏ စက်မှုသုတေသနအဖွဲ့ (ကေအီးအိုင်တီ)ရင်းနှီးမြှုပ်နှံမှု စီမံကိန်းရည်မှန်းချက်မှာ ၁၁လအတွင်း နိုင်ငံရှိကုမ္ပဏီ ၁၂ခုမှ လျှပ်စစ်မော်တော်ကား အစီး၁၀ ကနဦးထုတ်လုပ်မည်ဖြစ်ကြောင်း၊ ယင်းကုမ္ပဏီများတွင် ဟွန်ဒိုင်း မော်တော်ကားကုမ္ပဏီပါဝင်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဟန္နွိုင်းမှ ဟိုချီမင်းသို့ အမြန်ရထားလမ်း ဖောက်လုပ်မည်

ဟန္နွိုင်း မတ် ၁၆

ဗီယက်နမ် အစိုးရသည် နိုင်ငံမြောက်ပိုင်းမှ တောင်ပိုင်းသို့ အမြန်ရထားလမ်း ဖောက်လုပ်ရန် စီစဉ်ထား သည်ဟု ဗီယက်နမ်-ဂျပန် အကြံပေးမှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းက မတ် ၁၅ရက်၌ ထုတ်ဖော်ပြောကြားသည်။

ယင်းစီမံကိန်းသည် ဗီယက်နမ်ပို့ဆောင်ရေးစီမံကိန်းများ၌ အကြီးမားဆုံး စီမံကိန်းဖြစ်ပြီး ၂၀၂၀ခုနှစ်တွင် ဗီယက်နမ်ရထားပို့ဆောင်ရေးကဏ္ဍ မဟာဗျူဟာမြောက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ တစ်စိတ်တစ်ဒေသဖြစ်သည်ဟု ဆိုသည်။

အဆိုပါရထားလမ်းကို မြို့တော်ဟန္နွိုင်းမှ ဟိုချီမင်းမြို့သို့ ဆက်သွယ်ဖောက်လုပ်မည်ဖြစ်ပြီး အမြန်နှုန်းမှာတစ်နာရီလျှင် ကီလိုမီတာ၃၀၀အထိ ခုတ်မောင်းနိုင်မည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

စပိန်နိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်လို ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ် ပြောကြား

ကရာကတ်စ် မတ် ၁၆

ဗင်နီဇွဲလားနိုင်ငံသည် စပိန်နိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်အောင် ထိန်းသိမ်းထားရန် လိုလားကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က မတ် ၁၄ရက်၌ ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံမှာ ဘတ်စ်ကျူးခွဲထွက်ရေးအုပ်စု(အီးတီအေ)၊ ကိုလံဘီယာလက်နက်ကိုင်တော်လှန်ရေးအင်အားစု (ဖားစ်)တို့နှင့် အဆက်အသွယ်ရှိသည်ဟု စပိန်တရားသူကြီးတစ်ဦးက စွပ်စွဲပြောကြားခဲ့ပြီးနောက် ဖြစ်ပေါ်လာသော နှစ်နိုင်ငံဆက်ဆံရေး တင်းမာလာမှု လျော့ပါးစေရန်ရည်ရွယ်ကာ ဗင်နီဇွဲလားသမ္မတက ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ပြောကြား

မိမိတို့အနေဖြင့် စပိန်နိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်နေသည်ကို လိုလားပါကြောင်း၊ သို့ရာတွင် ယင်းဆက်ဆံရေး ပျက်ပြားစေလိုသည့် အုပ်စုတစ်စုရှိကြောင်း ဗင်နီဇွဲလားသမ္မတက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လေယာဉ်ထုတ်လုပ်ရေး

ပြင်သစ်နိုင်ငံ ဆိုကာတာတာ ဘတ်စ်လေယာဉ်ထုတ်လုပ်ရေးစက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို မတ်၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မလေးရှား၌ လေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် ပျက်ကျ

ကွာလာလမ်ပူ မတ် ၁၆

မလေးရှားနိုင်ငံ လောင်ကာဝီကျွန်းမြောက်ပိုင်း၌ မတ် ၁၅ ရက် နံနက်ပိုင်းက လေယာဉ်ငယ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် ပင်လယ်အတွင်းသို့ ပျက်ကျသော်လည်း လေယာဉ်မှူးနှစ်ဦးစလုံး အသက်ဘေးမှ လွတ်မြောက်ကြောင်း ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ချွတ်ယွင်း

အဆိုပါလေယာဉ်သည် လောင်ကာဝီ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာပျံသန်းပြီး သုံး၊လေးမိနစ်အကြာ၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ဖြစ်နိုင်ဖွယ်ရှိကြောင်း သည်စတားသတင်းစာ၌ ဖော်ပြသည်။

၎င်းလေ့ကျင့်ရေးလေယာဉ်ပေါ်၌ နည်းပြလေယာဉ်မှူးနှင့် အမောင်းသင်လေယာဉ်မှူးတို့ လိုက်ပါလာကာ ပျက်ကျခဲ့စဉ် အတွင်း ၎င်းတို့အား တံငါရေလုပ်သားများက ကယ်ဆယ်နိုင်ခဲ့သည်ဟု ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ယာဉ်မတော်တဆမှု

အိန္ဒိယနိုင်ငံဂျာပူရာမြို့အနောက်ပိုင်း ဆာဝိုင်မက်ဒ်ဟိုပူရာ ဒေသရှိ မြစ်ကူးတံတားအနီး၌ ယာဉ်မတော်တဆမှု ဖြစ်ပွားသည်ကို မတ် ၁၅ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

နျူကလက်နက်လျှော့ချရေးစာချုပ်သစ် ချုပ်ဆိုမည့်အချိန် နီးကပ်လာဟုဆို

မော်စကို မတ် ၁၆

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်နှင့် အမေရိကန်သမ္မတဘားရက်အိုဘားမားတို့သည် နျူကလီးယားလက်နက်လျှော့ချရေး သဘောတူစာချုပ်သစ်တစ်ရပ် ချုပ်ဆိုရေးကိစ္စနှင့်ပတ်သက်၍ အဆင့်မြင့်သဘောတူညီမှုရရှိခြင်းအပေါ် ကျေနပ်အားရဖြစ်ကြရသည်ဟု ရုရှားသမ္မတရုံးက မတ် ၁၃ရက်၌ သတင်းထုတ်ပြန်သည်။

ယင်းသဘောတူညီချက်အတွက် ယခုအခါ စာချုပ်အဖြစ် လက်မှတ်ရေးထိုးမည့် နေ့ရက်အတိအကျသတ်မှတ်ရန် ဆွေးနွေးဖွယ်ရှိကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆွေးနွေး

ရုရှားနှင့် အမေရိကန်နိုင်ငံတို့သည် ယင်းတို့၏ နျူကလီးယားလက်နက်များ လျှော့ချရေးသဘောတူစာချုပ်သစ်တစ်ရပ် ချုပ်ဆိုရေးကိစ္စနှင့် ပတ်သက်၍ တစ်နှစ်နီးပါး ညှိနှိုင်းဆွေးနွေးခဲ့ကြရသည်။ ယင်းသဘောတူစာချုပ်သည်မော်စကိုနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်ရန်အတွက် အမေရိကန်နိုင်ငံ ကြိုးပမ်းမှု သမိုင်းမှတ်တိုင် စိုက်ထူလိုက်ခြင်းပင်ဖြစ်သည်။ အမေရိကန်သမ္မတအိုဘားမားနှင့် ရုရှားသမ္မတ မက်ဗီဒက်ဗ်တို့သည် စနေနေ့တိုင်း တယ်လီဖုန်းဖြင့် ဆွေးနွေးကြသည်။ စာချုပ်ချုပ်နိုင်သည့် အခြေအနေ ရောက်ရှိလာခြင်းကို ကျေနပ်အားရဖြစ်ကြရသည်ဟုလည်း ရုရှားသမ္မတရုံး၏ သတင်းထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အမ်အင်န်အေ၊ရိုက်တာ

ကန် လူ့အခွင့်အရေး အချက်အလက်များ မှားယွင်း

ဘိုဂိုတာ မတ် ၁၆

ကိုလံဘီယာနိုင်ငံအပေါ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝေဖန်ချက်များသည် မှားယွင်းသောသတင်းအချက်အလက်များကို အခြေခံသည့် ပြောဆိုချက်များသာဖြစ်သည်ဟု ကိုလံဘီယာနိုင်ငံက ပြောကြားကာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ လူ့အခွင့်အရေးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာပါ ဝေဖန်ချက်များကို လက်မခံဘဲ ပယ်ချလိုက်သည်။

ကိုလံဘီယာနိုင်ငံတွင် ထင်ရှားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေဆဲဖြစ်သည်ဟု ဖော်ပြထားသော အမေရိကန် လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာသည် မှားယွင်းသော သတင်းအချက်အလက်များကို အခြေခံထားသည့် အစီရင်ခံစာဖြစ်သည်ဟု ကိုလံဘီယာဒုတိယသမ္မတ ဖရန်စစ္စကိုဆန်တို့စ်က မတ် ၁၃ရက်၌ ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘောဒီးယား ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ အမေရိကန်လေ့ကျင့် သင်တန်းပေးမည်

ဖနောင်ပင် မတ် ၁၆

ကမ္ဘောဒီးယားငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်တန်းပေးရန် ကမ္ဘောဒီးယားအစိုးရ၏ မေတ္တာရပ်ခံချက်ကို အမေရိကန် အဆင့်မြင့်စစ်ဘက်အရာရှိ ဗိုလ်ချုပ်ဝီလီယံခရိုစ်က လက်ခံလိုက်သည်ဟု ဒေသဆိုင်ရာ သတင်းဌာနက မတ်၁၅ ရက်၌ ဖော်ပြသည်။

လက်ခံ

ဗိုလ်ချုပ်ဝီလီယံသည် ဗီယက်နမ်နိုင်ငံ အိုဒေါင်း စစ်ဘက် လေ့ကျင့်ရေးစခန်းသို့ မတ်၁၁ရက်က အလည်အပတ်ရောက်ရှိစဉ် ယင်းကဲ့သို့ လက်ခံလိုက်ခြင်းဖြစ်သည်။

ထို့ပြင် ၎င်းအနေဖြင့် ဗီယက်နမ်၌ ၂၀၁၀ခုနှစ် ဇူလိုင်လတွင်ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေး ကနဦးလှုပ်ရှားမှုများ(ဂျီပီအိုအိုင်)အစည်းအဝေးသို့ တက်ရောက်ရန် စီစဉ်ထားသည်ဟု သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပါကစ္စတန်၌ စစ်သွေးကြွများအား လေကြောင်းမှတိုက်

အစ္စလမ္မာဘတ် မတ် ၁၆

ပါကစ္စတန် စစ်ဘက်ရဟတ်ယာဉ်များက ပါကစ္စတန်နိုင်ငံ၏ အနောက်မြောက်ပိုင်းရှိ စစ်သွေးကြွစခန်းများအား ဗုံးကြဲတိုက်ခိုက်သဖြင့် ၁၆ဦးထက်မနည်း သေဆုံးပြီး အများအပြား ဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် မတ်၁၆ရက်၌ ဖော်ပြထားသည်။

လေကြောင်းမှ တိုက်ခိုက်ခံရသည့် အိုရက်ဇဲဒေသသည် တာလီဘန်စစ်သွေးကြွလိုလားသူတို့၏ ခြေကုပ်စခန်းဖြစ်သည်။ ယင်းဒေသတွင် ပါကစ္စတန်တပ်ဖွဲ့ဝင်များက စစ်သွေးကြွများအား တိုက်ခိုက်နေသည်မှာ လပေါင်းများစွာ ကြာပြီဖြစ်သည်။

(အင်တာနက်)

အီရန် မြို့ပြလေကြောင်းဌာန ခရီးသည်တင် လေယာဉ်တိုးချဲ့

တီဟီရန် မတ် ၁၆

အီရန်မြို့ပြလေကြောင်းအဖွဲ့ (စီအေအို)က ခရီးသည်တင်လေယာဉ် ၁၉၇စင်းအထိ တိုးမြှင့်ထားကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အီရန်နှစ်သစ်ကူး (လာမည့်ရက်သတ္တပတ်)အားလပ်ရက်များစတင်ပါက အီရန်၏ ခရီးသည်တင်လေယာဉ်အစင်း ၂၀၀အထိ ရှိလာမည်ဟု စီအေအို ပြောရေးဆိုခွင့်ရှိသူ ဂျာဖာဇာဒီက ပြောကြားသည်။

ပို့ဆောင်ပေး

အီရန်မြို့ပြလေကြောင်းဌာနက ခရီးသည်ပေါင်း ၃၃၀၀၀ကို သယ်ယူပို့ဆောင်ပေးနိုင်စွမ်းရှိသည်ဟု ၎င်းက ထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ မင်ဂိုရာမြို့၌ အသေခံဗုံးဖောက်ခွဲမှုကြောင့် ပျက်စီးသွားသည့် မော်တော်ယာဉ်တစ်စီးအား သယ်ဆောင်လာသည်ကို မတ် ၁၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပီရူးပို့ကုန်ပမာဏ ဒေါ်လာ ၂ဒသမ ၄၀၄ဘီလီယံရှိ

လီမာ မတ် ၁၆

ပီရူးနိုင်ငံ၏ ပြည်ပပို့ကုန်ပမာဏသည် ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ ၂ဒသမ ၄၀၄ဘီလီယံအထိ တိုးမြင့်လာကြောင်း ပီရူးဗဟိုဘဏ်(ဘီစီပီ)က မတ် ၁၃ရက်၌ သတင်းထုတ်ပြန်သည်။

တိုးလာ

ပီရူးနိုင်ငံ၏ ပြည်ပပို့ကုန်ပမာဏသည် နှစ်ချင်းအလိုက် ၆၆ဒသမ ၅ရာခိုင်နှုန်းတိုးလာကြောင်း၊ အဓိကပြည်ပပို့ကုန်များတွင် ဓာတ်သတ္တု၊ ဟိုက်ဒရိုကာဗွန်နှင့် သား၊ ငါးဟင်းလျာတို့ပါဝင်ပြီး လယ်ယာထုတ်ကုန်၊ အထည်အလိပ်၊ ဓာတုဗေဒပစ္စည်း၊ သံမဏိ၊ ဓာတ်သတ္တုပစ္စည်းများလည်း ပါဝင်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

မလက္ကာရေလက်ကြား လုံခြုံရေးတိုးမြှင့်မည်

မလက္ကာရေလက်ကြားတွင် ဖြတ်သန်းခုတ်မောင်းနေသောသင်္ဘောများ၏ လုံခြုံရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားရန်စီစဉ်နေကြောင်း မလေးရှားရေတပ်အရာရှိများက မတ် ၁၆ရက်၌ သတင်းထုတ်ပြန်သည်။ မလက္ကာရေလက်ကြားတွင် အကြမ်းဖက်တိုက်ခိုက်မှုများ လျော့ကျသွားသော်လည်း လုံခြုံရေးကိုတိုးမြှင့်ဆောင်ရွက်မည်ဟု ၎င်းတို့က ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်၌ လေပြင်းတိုက်ခတ်၊ နှစ်ဦးသေဆုံး

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာတွင် မတ်၁၆ရက်က လေပြင်းတိုက်ခတ်သဖြင့် နေအိမ်အချို့ပျက်စီးကာ မြေစိုက်ကြော်ငြာဆိုင်းဘုတ်ကြီးတစ်ခု ပြိုလဲကျမှုကြောင့် နှစ်ဦးသေဆုံးပြီး မော်တော်ယာဉ်အချို့ပျက်စီးသွားကြောင်း ဘင်္ဂလားဒေ့ရှ် အရာရှိများက ပြောကြားသည်။

ချီလီကမ်းလွန်၌ အင်အားပြင်းငလျင် ထပ်မံလှုပ်

ချီလီနိုင်ငံ ကွန်ဆက်ရှင်းမြို့ကမ်းလွန်တွင် မတ်၁၆ရက်က ရစ်ချ်တာစကေး ၆ဒသမ၇အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ကွန်ဆက်ရှင်းမြို့တွင် နေအိမ်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့ကာ ပျက်စီးမှုများရှိခဲ့ကြောင်း ချီလီအရာရှိများက ပြောကြားသည်။

အိုပက်က ရေနံပိုမိုထုတ်လုပ်မည်မဟုတ်ဟုဆို

ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းမတည်မငြိမ်ဖြစ်မှုနှင့် ဝယ်လိုအား များပြားနေသော်လည်း ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်)က နေ့စဉ်ရေနံစည်ထုတ်လုပ်မှု ၂၄ ဒသမ ၈၄သန်းထက် ပိုမိုထုတ်လုပ်မည်မဟုတ်ကြောင်း မတ်၁၆ရက်၌ သတင်းထုတ်ပြန်သည်။

တရုတ်အလယ်ပိုင်း၌ ကျောက်မီးသွေးတွင်း မီးလောင်

တရုတ်နိုင်ငံအလယ်ပိုင်း ကျန့်ကျူမြို့အနီးရှိ ကျောက်မီးသွေးတွင်းတစ်တွင်း မတ်၁၆ရက်က မီးလောင်မှုဖြစ်ပွားရာ အလုပ်သမား၂၅ဦးသေဆုံးခဲ့ကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။

အာရပ်ထိပ်သီးအစည်းအဝေး လက်ဘနွန်မတက်ရောက်

လစ်ဗျားနိုင်ငံတွင် မကြာမီကျင်းပမည့် အာရပ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် လစ်ဗျားနိုင်ငံ၏ဖိတ်ခေါ်မှုကို လက်ဘနွန်အစိုးရက မတ် ၁၆ရက်၌ ငြင်းဆိုလိုက်ကြောင်း၊ မိမိတို့တက်ရောက်မည်မဟုတ်ကြောင်း လက်ဘနွန်သမ္မတမိုက်ကယ်ဆူလေမန်က ပြောကြားသည်။

အီတလီနိုင်ငံ ရောမမြို့၌ တရုတ်ကုန်စည်ပြပွဲ ဖွင့်လှစ်

အီတလီနိုင်ငံ ရောမမြို့၌ တရုတ်ကုန်စည်ပြပွဲကို မတ် ၁၆ရက်က စတင်ဖွင့်လှစ်လိုက်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ဆက်ဆံရေးတိုးတက်စေရန်အတွက် ကုန်စည်ပြပွဲကျင်းပခြင်းဖြစ်ကြောင်း တရုတ်အရာရှိများက မတ် ၁၆ရက်၌ သတင်းထုတ်ပြန်သည်။

ဂျပန်ရှိ အမေရိကန်လေတပ်စခန်း ရွှေ့ပြောင်းမည်

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းရှိ အမေရိကန်လေတပ်အခြေစိုက်စခန်းကို တိုကူနိုရှီမာကျွန်းသို့ ရွှေ့ပြောင်းရန် ဂျပန်ဝန်ကြီးချုပ် ဟာတိုယာမာက စီစဉ်လျက်ရှိကြောင်း၊ လေ့လာမှုများပြုလုပ်လျက်ရှိကြောင်း မတ် ၁၆ရက်၌ ဂျပန်အရာရှိများက ပြောကြားသည်။

ဘရာဇီး ရီယိုဒီဂျနေးရိုးမြို့၌ စာသင်ကျောင်း ပြိုကျ

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ မူလတန်းကျောင်းတစ်ကျောင်း မတ် ၁၆ရက်က ရုတ်တရက်ပြိုကျမှုဖြစ်ပွားရာ ကလေးငယ်ကိုးဦးနှင့် အခြားတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ အပျက်အစီးများကို ရှင်းလင်းလျက်ရှိကြောင်း ဘရာဇီးရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

အိုပက်အဖွဲ့က ရေနံဈေးနှုန်း ကျဆင်းမည်ဟုဆို

ကမ္ဘာ့ဈေးကွက်တွင် လာမည့်လအနည်းငယ်အတွင်း ရေနံဈေးနှုန်းကျဆင်းမည်ဖြစ်ရာ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၀ အောက်သို့ရောက်ရှိနိုင်မည်ဟု အိုပက်အဖွဲ့က မတ် ၁၆ ရက်၌ သတင်းထုတ်ပြန်သည်။

(အင်တာနက်)

မောက်မယ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကျင်းပ

မောက်မယ် မတ် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့အား ထောက်ပံ့ငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ၁ရက် မွန်းလွဲ ၂နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဆွေက အမှာစကားပြောကြားသည်။

ပြောကြား

ဆက်လက်၍ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဗိုလ်မှူးကြီးတင်ဆွေ(ဝဲပုံ)က ထောက်ပံ့ငွေများပေးအပ်ရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်၂၆ဦးတို့ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ဖဲကြိုးဖြတ်ဖွင့်လှစ်

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးခဲ့သော ဈေးချိုတန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၇ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီနှင့်အမှုဆောင်အရာရှိ ဦးအောင်သိန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၆

ပုလောမြို့ အခြေခံပညာအထက်တန်းကျောင်းကြီး၏ သက်တမ်းတစ်လျှောက်တွင် သမိုင်းအစဉ်အလာ ကြီးမားလှသော ကျေးဇူးရှင်ဆရာကြီး ဦးဘရွှေ၏ အသက်(၁၀၀)ပြည့် မွေးနေ့ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ဆရာကြီး၏တပည့် ကျောင်းသူကျောင်းသားဟောင်းများက ကြီးမှူး၍ မတ် ၂၂ရက်တွင် ပုလောမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဟု သိရသည်။ ပါဝင်လှူဒါန်းလိုသူ ရပ်ဝေးရပ်နီးမှ တပည့်များအနေဖြင့် ရန်ကုန်မြို့တွင် ပုလောမြို့နယ်အသင်း ဖုန်း-၀၁-၂၂၀၃၂၄၊ ဦးဘုန်းဝေ ဖုန်း-၀၁-၃၈၈၀၃၆၊ ဦးသိန်းတင် ဖုန်း-၀၁-၆၆၇၈၆၁၊ ဦးဟုတ်ရွှေ ဖုန်း-၀၁-၅၄၆၁၀၆၊ဦးကြီးညွန့် ဖုန်း-၀၁-၂၉၆၉၆၂၊ ဦးချစ်ထွေး ဖုန်း-၀၁-၇၀၆၁၇၇၊ ဒေါ်မြခင် ဖုန်း -၀၁-၆၆၃၆၉၀၊ ဒေါ်သန်းဝင်း ဖုန်း-၀၁-၅၄၄၁၆၉၊ ပုလောမြို့တွင် ဦးတင်ကြွယ် ဖုန်း-၀၅၉-၃၀၄၂၉နှင့် ဦးလှဝင်းကြည် ဖုန်း-၀၅၉-၃၀၀၆၉ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂)၊ သစ်ကြိမ်း-ထုံးဘိုကြီးလမ်းပိုင်းရှိ ကရင်ချောင်းလက်တက် သစ်သားတံတားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၈ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်အဆောက်အအုံအမြန်ပြီးစီးရေးနှင့် စာအုပ်စာစောင်တိုးပွားရေး မိုးမောက်၌ဆွေးနွေး

မိုးမောက် မတ် ၁၆

ကချင်ပြည်နယ် မိုးမောက်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လွန်းနန်းထွေးသည် စာထောက်-၃ ဒေါ်မြမြရင်လိုက်ပါ၍ မတ် ၄ရက် နံနက် ၁၀နာရီခွဲက ခုံဆင့်ဟောင်း၊ စီကော်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံကာ စာကြည့်တိုက်အဆောက်အအုံကို အမြန်ဆုံးဆောက်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက်ဆောက်လုပ်ပြီးစီးနေပြီဖြစ်သော ဟသ်ာတကျေးရွာ တက်နေလင်းစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဥက္ကဋ္ဌ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်ဖြစ်ရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ ငွေပဒေသာပင်ရရှိရေးတို့အတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

(၆၅)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု လွယ်ဂျယ်၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

လွယ်ဂျယ် မတ် ၁၆

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ ဘန်ယောကျေးရွာတွင် ကျေးရွာပြည်သူများ စုပေါင်းထည့်ဝင်လှူဒါန်းမှုဖြင့် ကျပ်သိန်း ၃၀ကျော်တန် သမံတလင်းခင်း၊ အုတ်ညှပ်၊ သွပ်မိုးထားသည့် ပညာဘဏ်တိုက် စာကြည့်တိုက်အဆောက်အအုံသစ်ကို မတ် ၁၀ရက်က ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ရွှေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဇီဂူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားပြီး ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ရွှေက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာဖတ်ကျင့်ရှိရေးတို့ကို ဟောပြောဆွေးနွေးသည်။

ကျေးဇူးတင်စကား

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ ရုပ်မြင်သံကြားပြစက်တစ်လုံး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများမှ စာအုပ်စာစောင် ၃၁၅အုပ်တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးဇီဂူးက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ၊ အရိပ်ရပင်များ၊ ရာသီအလိုက်ပွင့်သည့်ပန်းများ ပြုစုပျိုးထောင်ထားရှိခြင်းကို ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

သီပေါ၌ မိုးရာသီသစ်ပင်စိုက်ရန် ပျိုးထောင်

သီပေါ မတ် ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် စိမ်းလန်းစိုပြည်ရေးအတွက် လာမည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင်စိုက်ပျိုးရန် ကျွန်းပင် ၁၀၅၀၀၊ ပိတောက်ပင်၄၉၅၀၊ ယူကလစ်ပင် ၅၅၈၀ နှင့် ပန်းအလှပင်၊လေကာပင်၊အရိပ်ရပင်များကို မြို့နယ်သစ်တော ဦးစီးမှူး ဦးစိုးသန့်ကြည်နှင့်သစ်တောဝန်ထမ်းများ ပျိုးထောင်ပြုစုလျက်ရှိရာ မတ် ၇ရက်က မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်တို့ ကွင်းဆင်းကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

စိုက်ပျိုးရေးနှင့်မွေးမြူရေး ကျွမ်းကျင်သူများ သာယာဝတီစိုက်ပျိုးရေးသိပ္ပံမှ မွေးထုတ်ပေးနေ

သတင်းခရီးသည်-မြင့်မောင်စိုး ➢ ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း) ➢ စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် မတ် ၁၆

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကျွမ်းကျင်သည့်စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်များ မွေးထုတ်ပေးရန် လိုအပ်လျက်ရှိပေသည်။ မျက်မှောက်ခေတ်နည်းပညာများ၏ အခန်းကဏ္ဍသည် စက်မှုနယ်ပယ်တွင်သာမက စိုက်ပျိုးရေးနှင့် မွေးမြူရေးနယ်ပယ်တို့၌လည်း လိုအပ်လာပြီဖြစ်သည်။ အပင်များကို နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးရန် လိုအပ်သကဲ့သို့ သား၊ ငါးနှင့် တိရစ္ဆာန်များကိုလည်း နည်းစနစ်မှန်ကန်စွာ မွေးမြူရန်လိုအပ်လျက်ရှိသည်။

"သာယာဝတီ စိုက်ပျိုးရေးသိပ္ပံက စိုက်ပျိုးရေးနဲ့ မွေးမြူရေး ကျွမ်းကျင်လူငယ်တွေ နှစ်စဉ် မွေးထုတ်ပေးနေပါတယ်"

ဦးတင်ဆန်း
ကျောင်းအုပ်ကြီး။

ဤလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အဓိကလိုအပ်ချက်မှာ လူ့စွမ်းအားအရင်းအမြစ်ပင်ဖြစ်သည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အလို့ငှာ တစ်နိုင်ငံလုံး စိုက်ပျိုးရေးသိပ္ပံကျောင်း ခုနစ်ကျောင်း ဖွင့်လှစ်ထားသည်။ ယင်းတို့မှာ နေပြည်တော် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံ၊ သထုံစိုက်ပျိုးရေးသိပ္ပံ၊ မြောင်းမြစိုက်ပျိုးရေးသိပ္ပံ၊ ရွှေဘိုစိုက်ပျိုးရေးသိပ္ပံ၊ ပုသိမ်စိုက်ပျိုးရေးသိပ္ပံ၊ ပွင့်ဖြူစိုက်ပျိုးရေးသိပ္ပံနှင့် သာယာဝတီ စိုက်ပျိုးရေးသိပ္ပံများဖြစ်သည်။

တည်ရှိ

မြန်မာ့အလင်း သတင်းခရီးသည်များသည် ၂၀၀၉ခုနှစ် နှစ်ကုန်ပိုင်းတွင် သာယာဝတီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ပေးမှုကြောင့် သာယာဝတီ စိုက်ပျိုးရေးသိပ္ပံသို့ သွားရောက်ခွင့်ရခဲ့သည်။ သာယာဝတီစိုက်ပျိုးရေးသိပ္ပံသည် ယင်းမြို့၏ တောင်ဘက် ရန်ကုန်-ပြည် ကားလမ်းဘေးတွင် တည်ရှိသည်။

သာယာဝတီ စိုက်ပျိုးရေးသိပ္ပံမှ ကျောင်းအုပ်ကြီး ဦးတင်ဆန်းက မြန်မာ့အလင်းသို့ ရှင်းပြရာတွင် "ကျွန်တော်တို့ သာယာဝတီစိုက်ပျိုးရေးသိပ္ပံကို ၁၉၈၆ ခုနှစ် အောက်တိုဘာ ၂၀ရက်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ တက္ကသိုလ်ဝင်တန်း သိပ္ပံတွဲနှင့် ဝိပ္ပံတွဲတွေနဲ့အောင်တဲ့ ကလေးတွေကို ဒီကျောင်းတက်ခွင့်ပြုပါတယ်။ အမှတ်ကန့်သတ်ထားခြင်းမရှိပါဘူး။ ဒီသင်တန်းတက်မယ်ဆိုရင် အသက် ၂၅နှစ် မကျော်ရပါဘူး။ သင်ကြားတဲ့ဘာသာရပ် ရှစ်ခုရှိပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ သက်ဆိုင်တဲ့ ဘာသာရပ်များဖြစ်ပါတယ်။ သင်တန်းကတော့ သုံးနှစ်ဖြစ်ပါတယ်"ဟု ကျောင်းအုပ်ကြီး ဦးတင်ဆန်းက ရှင်းပြသည်။

ပညာတော်သင်

အဆိုပါ သုံးနှစ်သင်တန်း ပြီးဆုံးသွားပါက ဒီပလိုမာအောင်လက်မှတ် ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ ထူးချွန်သော ကျောင်းသားများသည် စိုက်ပျိုးရေးဘွဲ့ (B.Ag) ဖြေခွင့်ရရှိမည်ဖြစ်ကြောင်း၊ ထို့အပြင် Top Ten ဝင် ကျောင်းသား ကျောင်းသူများသည် အစ္စရေးနိုင်ငံသို့ ပညာတော်သင် ၁၁လ သွားရောက်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ သာယာဝတီ စိုက်ပျိုးရေးသိပ္ပံမှ ကျောင်းသား ၇၈၂ဦး၊ ကျောင်းသူ ၅၄၂ဦး စုစုပေါင်း ၁၃၃၄ ဦးတို့အား ဒီပလိုမာများ ပေးအပ်ခဲ့ပြီးဖြစ်သည်။ လက်ရှိမှာလည်း ကျောင်းသား ကျောင်းသူ ၁၀၄ ဦး ပညာသင်ယူလျက်ရှိကြောင်း သိရသည်။

အရေးပါ

သို့ပါ၍ သာယာဝတီစိုက်ပျိုးရေး သိပ္ပံသည် ဒေသတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေး ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးရာတွင် အဓိကအရေးပါလှသည့် ပညာသင်ကျောင်းကြီးဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သာယာဝတီ စိုက်ပျိုးရေးသိပ္ပံ၌ တီကောင်မြေဩဇာ ပြုလုပ်ထားမှုကို ဤသို့ တွေ့ရသည်။

(မြန်မာ့အလင်း)



စိုက်ပျိုးရေးနှင့် မွေးမြူရေး ကျွမ်းကျင်သူများအား မွေးထုတ်ပေးနေသော သာယာဝတီ စိုက်ပျိုးရေးသိပ္ပံကျောင်းအဆောက်အအုံကို ဤသို့ လှပသပ်ရပ်စွာ တွေ့ရသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် မတ် ၁၆

ဗန်းမော်၌ တိုင်းရင်းဆေးဖြင့် ကွင်းဆင်းဆေးကုသ

ဗန်းမော်ခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ခရိုင်တိုင်းရင်းဆေးမှူး ဦးသန်းညွန့်သည် မြို့နယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများလိုက်ပါ၍ ဖေဖော်ဝါရီ ၂၀ရက်က မံမလင်းကျေးရွာသို့ကွင်းဆင်းပြီး ကျေးရွာပြည်သူများအား တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများဟောပြောပြီး ကျေးရွာပြည်သူ ၈၁ဦးအား တိုင်းရင်းဆေးဖြင့် တစ်နေ့တာ အခမဲ့ဆေးကုသပေးသည်။

(ခရိုင် ပြန်/ဆက်)

ဟင်္သာတ၌ လက်နှိပ်တုံကင်တွင်း တူးဖော်

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျေးရွာ ၁၂ရွာတွင် တစ်လက်မခွဲ လက်နှိပ်တုံကင်တွင်း ၁၃တွင်း တူးဖော်ခြင်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှနိုင်ကဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၅ရက်တွင် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အင်ဂျင်နီယာမှူး ဦးငွေဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

(မြို့နယ်စည်ပင်)

မီးဘေး ကြိုတင်ကာကွယ်ရေး ဖလမ်း၌ဆောင်ရွက်

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အဖွဲ့ပိုင်စည်ပင်ဈေး အတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေမြောင်းများ သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် မီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်နိုင်ရန်အတွက် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ ရေအိတ်များ ချိတ်ဆွဲထားခြင်းများကို ဖေဖော်ဝါရီ ၂၇ရက်က အမှုဆောင်အရာရှိ ဦးထလာဟရဲ ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြသည်။

(ခရိုင် ပြန်/ဆက်)

ရွှေကျင်၌ လက်နှိပ်တုံကင်တွင်းသစ်ဖွင့်

ရွှေကျင်မြို့နယ် သိမ်ကုန်းကျေးရွာ လက်နှိပ်တုံကင်တွင်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်ကကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ကျေးရွာဥက္ကဋ္ဌတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

နေပြည်တော်ပျဉ်းမနားအထက(၁)၌ အာစရိယပူဇော်

(၁၆)ကြိမ်မြောက် ပညာရေးဝန်ထမ်း အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၂၆ရက်က နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးစိုးလှိုင်က အမှာစကားပြောကြားပြီး ပူဇော်ကန်တော့ခံ အငြိမ်းစား ဆရာကြီး ဆရာမကြီး ၁၅၇ဦးအား ပူဇော်ကန်တော့ကြသည်။

(၀၈၄)

အိုင်အိုဒင်းဆားရောင်းချမှု သာစည်၌စစ်ဆေး

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း အိုင်အိုဒင်းဆား ရောင်းချမှုအခြေအနေကို ဖေဖော်ဝါရီ ၂၄ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီဝင်များ ကြီးကြပ်စစ်ဆေး ဆောင်ရွက်ပေးသည်။

(မြို့နယ်စည်ပင်)

သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးသင်တန်းဖွင့်

ရမည်းသင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးဖွင့်လှစ်သည့် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂ရက်က ရမည်းသင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

(၁၆၉)

ဖားကန့်စည်ပင်သာယာ မြို့သာယာလှပရေး ဆောင်ရွက်

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဖားကန့်မြို့ သာယာလှပစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မတ် ၁ရက်က ဒုတိယဦးစီးမှူး ဦးမျိုးသန့်စင် ဦးဆောင်သော ဝန်ထမ်းများက စည်းလုံးခြင်းရပ်တုဝန်းကျင် သာယာလှပရေးအတွက် ပန်းအလှပင်များ ရွှေ့ပြောင်းစိုက်ပျိုးခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြီးကြပ်ဆောင်ရွက်ပေးသည်။

(မြို့နယ်စည်ပင်)

ခင်ဦးမြို့နယ်၌ ဘောလုံးပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်

ခင်ဦးမြို့နယ် ရွှေကူတဲစုကျေးရွာအလက၌ ဘောလုံးပြိုင်ပွဲဆုပေးပွဲကို ဖေဖော်ဝါရီ ၁၄ရက် ညနေ ၃နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်က အမှာစကားပြောကြားပြီး ပထမဆုရ ငါးယုံကြီးအသင်းကို ဆုပေးအပ် ချီးမြှင့်သည်။

(၁၈၂)

ရွှေကူ၌ ပန်းအလှပင်များ ပျိုးထောင်

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၉ရက်က ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိလာပြီး အဖွဲ့ပိုင်ပျိုးဥယျာဉ်တွင် ရာသီပန်းအလှပင်များ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်အောင်နီက ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်)၏ ဟောပြောပွဲ

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်) အမှုဆောင်ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော MFRS for SMEs (Part-IV) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မတ် ၂၈ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲ တက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက် ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် မတ် ၂၄ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း (အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ စာရင်းစစ်ချုပ်ရုံး၊ သင်တန်းကျောင်း၊ ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်အမှတ်(ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန်လိုကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများ အနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း(ရန်ကုန်)ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး
ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၁၆

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီက နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတစ်ဝန်းရှိ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြား

ယင်းနောက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၏ အမှာစကားကို ဥက္ကဋ္ဌကိုယ်စား ကော်မတီအတွင်းရေးမှူး အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က ဖတ်ကြားသည်။

ဆက်လက်၍ စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စက်မှုဇုန်အလိုက် ဆွေးနွေးတင်ပြကြပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ပြန်လည်ကျင်းပရာ မော်တော်ယာဉ်ထုတ်လုပ်သူ လုပ်ငန်းရှင်များက မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ စက်မှုဇုန်အလိုက် ဆွေးနွေးတင်ပြကြပြီး ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ ညနေ ၃နာရီတွင် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၃-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံ ထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀ ၇။ အဆိုပြိုင်ပွဲ
၈:၂၀ ၈။ တေးဂီတအစီအစဉ်
၈:၃၀ ၉။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ **ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ**
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် ဇွဲကပင် United F.C နှင့် မကွေး F.C
၅:၀၀ ၂။ တပ်မတော်နေ့ဂုဏ်ပြုသီချင်း ပြိုင်ပွဲဆုရတေးများ
၅:၁၅ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
၅:၃၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၃၅ ၅။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၄၅ ၆။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀ ၇။ ညနေခင်းသတင်း
၆:၁၀ ၈။ မိုးလေဝသအခြေအနေ
၆:၁၅ ၉။ မြန်မာ့ခလေ့ရိုးရာလက်ဖွဲ့
၆:၃၀ ၁၀။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၆:၅၀ ၁၁။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇:၃၀ ၁၂။ အလင်္ကာဝတ်ရည် မြန်မာမှု တေးဂီတအဖွဲ့ ဖျော်ဖြေခန်း
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၂၉)
၁၇။ ရုပ်မြင်သံကြားဇာတ်လမ်း **ဘေးရန်ဆီးကာ** နေအောင်၊ နေဆန်း၊ စုလှိုင်နှင်း၊ မြသဉ္ဇာလီ (ဒါရိုက်တာသက်တင်)
၁၈။ အစီအစဉ်ပြီး၏။

သံအမတ်ကြီးဦးဉာဏ်လင်း တီမောလက်စ်တေနိုင်ငံ သမ္မတထံ သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၁၇

တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဉာဏ်လင်းသည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ဒီလီမြို့၌ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတဒေါက်တာဟိုဆေးရာမို့စ် ဟော်တာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

အရောင်းကိုယ်စားလှယ်များအား ဆုချီးမြှင့်

ရန်ကုန် မတ် ၁၆

Direct Channel Distribution Company Limited က မြန်မာပြည်၏ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းရောင်းချပေးလျက်ရှိသော Power Tree UPS များကို ဝယ်ယူသုံးစွဲသူ Customer များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ရွှေဆွဲပြားကံထူးရှင်ရွေးချယ်ခြင်းနှင့် အရောင်းကိုယ်စားလှယ်များ ဆုချီးမြှင့်ခြင်း အခမ်းအနားကို မတ် ၁၃ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပသည်။

မဲနှိုက်ရွေးချယ်

ရှေးဦးစွာ KMD Computer Group Sale Director ဒေါ်သင်းသင်းစိုး **(အပေါ်ဝဲပုံ)**က Power Tree UPS များ၏ အရည်အသွေးပိုင်း၊ ဝန်ဆောင်မှုပိုင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် Power Tree UPS ဝယ်ယူသူများထဲမှ ရွှေဆွဲပြားကံထူးရှင် ခုနစ်ဦးကို မဲနှိုက်ရွေးချယ်ပေးကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ရောင်းအားအကောင်းဆုံး အရောင်းကိုယ်စားလှယ်သုံးဦးနှင့် အထူးဈေးနှုန်းဖြင့် အများဆုံးဝယ်ယူခဲ့ကြသော အရောင်းကိုယ်စားလှယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး KMD Computer Group မှ Product Manager ကိုစိုးငွေရက KMD Computer Group မှ တင်သွင်းဖြန့်ချိလျက်ရှိသော ပစ္စည်းအသစ်များနှင့် Warranty အားသာချက်များကို ရှင်းလင်းပြောကြားကာ Lenovo, Prolink, Verbatim, Microlab Product များကို အထူးဈေးနှုန်းဖြင့် အများဆုံးဝယ်ယူကြသော အရောင်းကိုယ်စားလှယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

မြှင့်တင်

Power Tree အမှတ်တံဆိပ် UPS များကို ၁၉၉၈ခုနှစ်မှစ၍ မြန်မာနိုင်ငံဈေးကွက်အတွင်းသို့ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချပေးခဲ့သည်မှာ ၁၂နှစ်ကြာမြင့်ပြီဖြစ်ပြီး မည်သည့်အကြောင်းကြောင့် ပျက်စီးသည်ဖြစ်စေ တစ်လုံးပျက်လျှင် တစ်လုံးအစားထိုးလဲလှယ်ပေးသော Service Program ကိုလည်း မြှင့်တင်ပေးထားပြီး ဖြစ်သည်။

Power Tree UPS များကို Direct Channel Distribution Company Limited မှ လက်လီလက်ကားဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ အသေးစိတ်သိရှိလိုပါက အမှတ်(၇၃-၇၅)-၄၉လမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၆၅၇၉၊ ၂၉၇၃၃၂၊ ၂၉၁၈၃၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး Lenovo, Prolink, Verbatim, Microlab Product များအကြောင်းသိရှိလိုပါက KMD Sales & Service ဖုန်း-၂၄၅၁၈၀၊ ၂၀၄၀၇၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ပြီ

ရန်ကုန် မတ် ၁၆

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၁၁)တွင် နိုင်ငံရေးပါတီတစ်ခု ဘယ်လိုမှတ်ပုံတင်မလဲ၊ သရုပ်ဖော်ကာတွန်းနှင့် အပတ်စဉ်ပါနေကျဖြစ်သော Political Times အထူးအချပ်ပိုအပါအဝင် ကာလနဂါးကြီးနိုးထတော့မယောင် ဆောက်လုပ်ရေးလုပ်ငန်းသုံးသပ် မျက်နှာဖုံးဆောင်းပါး၊ ခေတ်ဟောင်းသတင်းစာများကပြောသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ထွက်ရှိ

ယင်းအပြင် ဆရာမှူးဇော်ရေးသားသည့် နိုင်ငံပြုပုဂ္ဂိုလ်ကြီးများနှင့်လွှတ်တော်နိုင်ငံရေးအင်အားချိန်ခွင်လျှာစသည့် နိုင်ငံရေးအတွေးအမြင် ဆောင်းပါးများ၊ လမ်း ၃၀နှင့် ကုန်သည်လမ်းထောင့်ရှိ သုံးထပ်တိုက်ပြိုကျ၊ နိုင်ငံပိုင်စက်သုံးဆီဆိုင် ၂၃၈ ဆိုင် ပုဂ္ဂလိကလုပ်ငန်းရှင်ကြီး ၁၅ဦးရရှိ၊ ဒေါ်လာအတုလုပ်ပေးမည်ဆိုကာ ပြောဆိုလိမ်လည်သူ ကင်မရွန်းနိုင်ငံသား နှစ်ဦးကို ပြစ်ဒဏ်ချမှတ်လိုက်ပြီ၊ သင်္ကြန်ကာလအင်းလျားကန်ပတ်လည် အင်းလျားလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းများတွင် မဏ္ဍပ်ဆောက်ခွင့်မပြု၊ မြန်မာ့အကြီးဆုံး တော်ဝင်ဈေးဝယ်စင်တာကြီးကို နိုင်ငံတကာရှော့ပင်းစင်တာ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဖွင့်လှစ်မည်၊ ပြည်သူတွေ မီးဘေးကြိုတင်ကာကွယ်မှု လုပ်ထားကြသလား၊ Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ရွေးကောက်ပွဲနှင့် သူတို့အမြင်၊ နှာခေါင်းပြင်ထားတော့ ကားစီးတဲ့အခါ မဆောင့်မိအောင် သတိထားရတယ် ပိုင်းစုခိုင်သိန်းနှင့် လိုတိုဇာျုးစသည့် ဖျော်ဖြေရေး ကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

စုံလင်စွာပါရှိ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် တရုတ် အရှိန်မြှင့်လုပ်ဆောင်၊ အယ်လ်နီညိုကြောင့် ထိုင်းတွင် ယခုနှစ်စပါးအထွက်နှုန်းကျဆင်း၊ ဥရောပသမဂ္ဂတွင် အင်္ဂလိပ်စာလွှမ်းမိုးမှုကို ပြင်သစ်နှင့် ဂျာမနီ အပြင်းအထန်တွန်းလှန်၊ ခြောက်နှစ်အရွယ်မိန်းကလေးက မောင်ဖြစ်သူကို မီးဘေးမှကယ်၊ အာရှတိုက်တွင် အမျိုးသမီး ၉၆သန်း ပျောက်ကွယ်ဆုံးရှုံးနေ၊ စိတ်ဖောက်ပြန်ရောဂါကို မြွေဟောက်၏အဆိပ်ဖြင့် ကုသနိုင်၊ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ်သူတို့ကဒီလိုတဲ့၊ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၆

ရွှေတောင်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း မင်္ဂလာရုပ်ရှင်ရုံနှင့် မျက်နှာချင်းဆိုင် သိမ်ကြီးဈေး-စီရုံ ဒုတိယထပ် MCC သင်တန်းကျောင်းအောက်ထပ်ရှိ GANO EXCEL အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဖြစ်စေ၊ အသင်းမဝင်ရသေးသူဖြစ်စေ ရွှေတောင်မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများကို ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်သဖြင့် ဦးရဲမြင့် ဖုန်း-၀၉-၅၁-၃၀၂၄၅၊ ဦးအေးမောင် ဖုန်း-၅၃၅၉၆၇နှင့် ဦးတင်ရွှေဦး ဖုန်း-၀၉-၅၀-၃၅၈၅၃ တို့သို့ ကြိုတင်စာရင်းပေးကြရန်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အထက်ပိုင်းဒေသများ၌ မိုးထစ်ချုန်းရွာဖွယ်ရှိ

နေပြည်တော် မတ် ၁၆

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်၊ ကယားပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ တနင်္သာရီတိုင်းတွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၈ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ခန္တီးမြို့တွင် ၀ဒသမ ၀၄လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် သာယာနေသည်။

မတ် ၁၇ ရက် ညနေအထိ ခန့်မှန်းချက်မှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် မြောက်ပိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး ကယားပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ခြင်ဆေးမီးပွား သတိမထားက စီးပွား၊ ဥစ္စာကုန်လိမ့်မည်

❒ ***ရှေ့ဖုံးမှ***

အဆိုပါ စက်မှုသင်တန်းကျောင်း (ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းမှာ ၈၃ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

ဖွင့်လှစ်သင်ကြား

သင်တန်းကျောင်း တည်ဆောက်ပြီးစီးပါက စက်ပစ္စည်း ပညာသည်(တွင်ခုံ)သင်တန်း၊ စက်ပစ္စည်း ပညာသည်(ကြိတ်ခုံ)သင်တန်း၊ စက်မှု တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက သိရှိလိုသော စီမံကိန်းလုပ်ငန်းဆိုင်ရာ အချက်အလက်များကို မေးမြန်းဆွေးနွေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက်ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် မကွေးစက်မှုနယ်မြေအတွင်း တည်ဆောက်ဆဲ Heavy Turbo Truck ထုတ်လုပ်မှုစက်ရုံ၊ Gear & Transmission Plant၊ စက်မှုသင်တန်း ၍ မော်တော်ယာဉ်ဆိုင်ရာ ကျွမ်းကျင်သူများကို မွေးထုတ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် မတ် ၁၃ရက်တွင် ပခုက္ကူမြို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့(၃)က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိခဲ့ရာ စီမံကိန်း ပေါ်ကမ်းဘက်များမှ ချဉ်းကပ်ရထားလမ်းများ ဖောက်လုပ်မည့် အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးက တံတားကြီးကို အချိန်မီပြီးစီးအောင် တည်ဆောက်ရေး၊ စံချိန်စံညွှန်း အရည်အသွေးမီစွာ တည်ဆောက်ရေး၊ အလေအလွင့် မရှိစေရေးတို့ကို အလေးထား ကြိုးစားလုပ်ကိုင်ကြရန် ပြောကြားသည်။

စက်မှုသင်တန်းကျောင်း (မကွေး)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း မကွေးမြို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန စက်မှုသင်တန်းကျောင်း(မကွေး) စီမံကိန်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆိုင်ရာ လျှပ်စစ်ပညာသည်သင်တန်း၊ အီလက်ထရွန်နစ် စက်မှုပညာသည်သင်တန်း၊ အမာတင်လုပ်သားသင်တန်း၊ မော်တော်ယာဉ် မက္ကင်းနစ်သင်တန်း၊ သတ္တုနှင့် ဂဟေဆော်လုပ်သား သင်တန်းများကို ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မတ် ၁၄ရက် မွန်းလွဲပိုင်းတွင် မကွေးမြို့ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန မကွေးစက်မှုနယ်မြေ စီမံကိန်းသို့ ရောက်ရှိကြရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက မကွေးစက်မှုနယ်မြေစီမံကိန်း တည်နေရာ၊ အကျယ်အဝန်း၊ တည်ဆောက်မည့် စီမံကိန်းများဖြစ်သည့် Heavy Turbo Truck Manufacturing Plant စီမံကိန်း၊ Gear & Transmission Plant စီမံကိန်းနှင့် စက်မှုသင်တန်းကျောင်း(မကွေး)စီမံကိန်းတို့၏ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် တည်ဆောက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ကျောင်း(မကွေး) တည်ဆောက်မည့် မြေနေရာနှင့် ဆိပ်ခံတံတားတည်ဆောက်မည့်နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထုတ်လုပ်ရန်စီစဉ်

အဆိုပါ မကွေးစက်မှုနယ်မြေရှိ Heavy Turbo Truck ထုတ်လုပ်မှုစက်ရုံမှ 20-30 Ton Heavy Truck (6x2 & 6x4) Left Hand Drive များကို တစ်နှစ်လျှင် စီးရေ ၁၀၀၀ခန့်၊ Gear & Transmission Plant မှ Transmission System (Gear Box) များကို တစ်နှစ်လျှင် အစုံ ၇၀၀ခန့် ထုတ်လုပ်ရန် စီစဉ်ထားသည်။

ကျွမ်းကျင်သူများမွေးထုတ်

အလားတူ စက်မှုသင်တန်းကျောင်း (မကွေး)မှ ပုံမှန်သင်တန်းများဖြစ်သည့် Automobile Engine Course၊ Automobile Electrical System Course၊ Automobile Transmission Course၊ Automobile Chassis Course နှင့် Advance Training Course များဖြစ်သည့် Automobile Production Technology Course နှင့် Automobile Inspection Course များကို ဖွင့်လှစ်သင်ကြား ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်ပန်ခြေပေါ်ဘက်ကမ်း၊ ရေလယ်ကျွန်းနှင့် ပခုက္ကူဘက်ကမ်းတို့၌ သုံးနေရာစလုံးတွင် ဘိုးပိုင်များ တစ်ပြိုင်တည်း တည်ဆောက်နေမှုကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁၅ရက်မှစတင်၍ နေ့ညမနား ဆောင်ရွက်နေမှု၊ အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ အဆင့်မီအောင် လုပ်ကိုင်နေမှု၊ တံတား တည်ဆောက်ရေးလုပ်ငန်းအားလုံး၏ ၁၁ရာခိုင်နှုန်း တည်ဆောက်ပြီးစီးမှု၊ ရန်ပုံငွေ၊ စက်၊ ယာဉ်၊ ယန္တရားရရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လာမည့် မိုးတွင်းကာလတွင် ဧရာဝတီမြစ် ရေစီးရေလာဖြစ်ပေါ်နိုင်မည့် အခြေအနေနှင့် မိုးလေဝသအခြေအနေတို့ကိုလည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ပခုက္ကူကမ်းဘက်နှင့် လက်ပန်ခြေ

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ရှင်းလင်းဆောင်ရှုရပ်မှ တံတားတည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး ပင်မ

တံတားအောက်ခြေ အုတ်မြစ်ထည့် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မတ် ၁၄ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့(၄)က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ဧရာဝတီတံတား(မလွန်) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသည် တံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ပင်မတံတားအောက်ခြေ အုတ်မြစ်ထည့် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

တံတားအုကြောင်းရှာဖွေ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဧရာဝတီတံတား(မလွန်) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြစ်အတွင်းရှိ ဝွေးချောင်းဝဲ၊ နတ်မော်ဝဲစသည့် ရေဝဲများကို ရှောင်ရှား၍ တံတားအုကြောင်း ရှာဖွေခဲ့မှု၊ တံတား တည်ဆောက်ရေးစီမံကိန်းကို ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၂ရက်မှစတင်၍ နေ့ညမနား ဆောင်ရွက်နေမှု၊ တံတားအင်္ဂါရပ်နှင့် စံချိန်စံညွှန်းများ၊ တံတားအမျိုးအစား၊ ရန်ပုံငွေ၊ စက်၊ ယာဉ်၊ ယန္တရားရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဧရာဝတီမြစ်ရေဝဲများ တည်ရှိနေမှု၊ မြစ်ကြမ်းပြင် အနိမ့်အမြင့်နှင့် ကမ်းပါးတည်ငြိမ်မှု အခြေအနေတို့ကိုလည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက တံတား၏ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းများမှ ချဉ်းကပ်လမ်းများ ဖောက်လုပ်မည့် အခြေအနေ၊ မြန်မာ့

❒ **မကွေးစက်မှုနယ်မြေရှိ Heavy Turbo Truck ထုတ်လုပ်မှုစက်ရုံမှ 20-30 Ton Heavy Truck (6x2 & 6x4) Left Hand Drive များကို တစ်နှစ်လျှင် စီးရေ ၁၀၀၀ခန့်၊ Gear & Transmission Plant မှ Transmission System (Gear Box)များကို တစ်နှစ်လျှင် အစုံ ၇၀၀ခန့် ထုတ်လုပ်ရန်စီစဉ်ထား။**

❒ **ဧရာဝတီတံတား(မလွန်) တည်ဆောက်ရေးစီမံကိန်းသည် မိကျောင်းရဲမြို့၏ အထက်ဘက် တစ်မိုင်ခန့်အကွာ၌ရှိပြီး ပင်မတံတားအရှည်မှာ ၃၂၁၅ ပေ ကျော်ရှိ၊ တံတား၌ အကျယ် ၂၈ပေရှိ ကားလမ်း၊ အကျယ် ၁၄ပေရှိ ရထားလမ်းနှင့် တစ်ဖက်လျှင် သုံးပေစီရှိသည့် လူသွားလမ်းတို့ ပါရှိမည့် ကားရော ရထားပါ ဖြတ်သန်းသွားလာနိုင်မည့် တံတားကြီးဖြစ်။**

ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်ကို တွေ့ရစဉ်။
(သတင်းစဉ်)

သေချာခိုင်မာအောင် တာဝန်ခံ အဆင့်ဆင့်က အလေးဂရုပြုရန် လိုအပ်ကြောင်း၊ လုပ်ငန်းတိုင်း၌ အရည်အသွေး စံချိန်စံညွှန်းမီပြီး သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးအောင် ကြိုးစားလုပ်ကိုင်ကြရန် ဖြစ်ကြောင်းဖြင့် အားပေးမှာကြားသည်။

ဧရာဝတီတံတား(မလွန်) တည်ဆောက်ရေးစီမံကိန်းသည် မိကျောင်းရဲမြို့၏ အထက်ဘက် တစ်မိုင်ခန့်အကွာ၌ ရှိသည်။ တံတားစီမံကိန်း၏ အရှေ့ဘက်ကမ်းမှာ မကွေးမြို့နယ် ရွာသစ်ရွာနှင့် စစ်ကိုးပင်ရွာအကြားဖြတ်ပြီး အနောက်ဘက်ကမ်းမှာ မင်းလှမြို့နယ် သဖန်းချောင်းရွာနှင့် ကိုင်းရွာအကြားဖြစ်သည်။

ဖြတ်သန်းနိုင်

ပင်မတံတားအရှည်မှာ ၃၂၁၅ ပေကျော် ရှိမည်ဖြစ်သည်။ တံတား၌ အကျယ် ၂၈ပေရှိ ကားလမ်း၊ အကျယ် ၁၄ပေရှိ ရထားလမ်းနှင့် တစ်ဖက်လျှင် သုံးပေစီရှိသည့် လူသွားလမ်းတို့ ပါရှိမည့် ကားရော ရထားပါ ဖြတ်သန်းသွားလာနိုင်မည့် တံတားကြီးဖြစ်သည်။

တံတားအမျိုးအစားမှာ တံတားအောက်ထည်သည် သံကူကွန်ကရစ်နှင့် တံတားအပေါ်ထည်သည် သံမဏိ သံပေါင် အမျိုးအစားဖြစ်သည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ဖြစ်ပြီး ယခုအခါ ဘိုးပိုင်တွင်းတူးစက် လေးစီးဖြင့် ရေလယ်တိုင်အုတ်မြစ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဘိုးပိုင်လုပ်ငန်း ၃၅ရာခိုင်နှုန်းကျော် ပြီးစီးနေပြီ ဖြစ်သည်။

လှည့်လည်သွားရောက်

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မတ် ၁၄ရက်တွင် သရက်-မင်းလှ ရထားလမ်းပိုင်း ဖွင့်ပွဲအပြီး၌ အထက်ပါအတိုင်း ဧရာဝတီတံတား (မလွန်) စီမံကိန်းနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ မကွေးစက်မှု နယ်မြေစီမံကိန်းတို့ကို လှည့်လည်သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆက်လက်ထွက်ခွာလာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

အစား၊ ရန်ပုံငွေ၊ စက်၊ ယာဉ်၊ ယန္တရားရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဧရာဝတီမြစ်ရေဝဲများ တည်ရှိနေမှု၊ မြစ်မီးရထားလမ်းကွန်ရက်များနှင့် ဆက်သွယ်သွားလာနိုင်မည့် အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးက ဤတံတားအပါအဝင် ဧရာဝတီတံတား စီမံကိန်း(၅)ခုကို ယခု

စာသင်ဆောင်များ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း အမှတ်(၂) စက်မှုဝန်ကြီးဌာန စက်မှုသင်တန်းကျောင်း(ပခုက္ကူ)ရှိ ပင်မဆောင်နှင့် စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့ စွမ်းအား၊ စည်းလုံးမှုစွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။

၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော် တည်ဆောက်ရေး။

ရန်ကုန်တိုင်း အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက် အမှာစကားပြောကြား

ရန်ကုန် မတ် ၁၆

၂၀၁၀ ခုနှစ် ရန်ကုန်တိုင်း အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် အထိမ်းအမှတ်အခမ်းအနားကို မတ် ၁၅ရက် မွန်းလွဲ ၁၂နာရီခွဲက ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ သုနာပြုတက္ကသိုလ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းကျန်းမာရေးဦးစီးဌာနမှူးက တိုင်းအတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် တိုင်းအမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု မှတ်တမ်းပြခန်းကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြမ်းပြင် အနိမ့်အမြင့်နှင့် ကမ်းပါးတည်ငြိမ်မှု အခြေအနေတို့ကိုလည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက တံတား၏ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းများမှ ချဉ်းကပ်လမ်းများ ဖောက်လုပ်မည့် အခြေအနေ၊ မြန်မာ့

ကဲ့သို့ တစ်ပြိုင်တည်း တည်ဆောက်နိုင်ခြင်းမှာ မိမိတို့အင်ဂျင်နီယာများ၏ လုပ်ငန်းအတွေ့အကြုံ၊ လုပ်ရည်ကိုင်ရည်နှင့် ကျွမ်းကျင်မှုကို ယုံကြည်အားထားနိုင်၍ဖြစ်ကြောင်း၊ လုပ်ငန်းအရေအတွက်ရော ပမာဏပါ များပြားသည်နှင့်အမျှ လုပ်ငန်းတိုင်း၌ အစစ

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၃၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၆

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၁၃၁)ကို ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ် ထုတ်ဝေဖြန့်ချိထားသည်။

စုံလင်စွာတင်ဆက်

မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ မြတ်ဘုန်း(တပ်ကုန်း)၊ မျိုးခိုင်(မူဆယ်)၊ ခွန်နေဒူး(သနီမြေ)၊ ရွှေခြံဆွေဦး၊ မောင်တင့်လွင်(ပေါက်)၊ ဇော်မျိုးဟန်(ငါးသိုင်းချောင်း)၊ မောင်သက်နှင်း(မ/ဥ)၊ အေးမြင့်အေး(တပ်ကုန်း)၊ ကမာမင်း(တပ်ကုန်း)တို့၏ အဖွင့်ကဗျာများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မောင်ခင်မင်(ဓနုဖြူ)၊ မြင့်သိန်းအောင်၊ စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ သာနိုင်အောင်(ကျိုက်မရော)၊ ကိုသက်(ဇီးကုန်း)၊ အောင်ဇင်၊ တက္ကသိုလ်စိုးယဉ်၊ မောင်ကြည်သစ်ဦး၊ သန်းဝင်းရှိန်၊ တက္ကသိုလ်သျှင်သီရိ၊ ဦးမြဝင်း(မြတ်မွန်)၊ လူမော်ဟိန်း၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ ကျော်(စက်မှု)၊ သန့်စင်လတ်(ပညာရေး)၊ မောင်ယဉ်ကျေး(တာချီလိတ်)၊ မောင်သာမန်(ဇီးကုန်း)၊ တင်ထွန်းနိုင်(မြစ်သား)၊ မြမျက်ရှင်၊ ဦးခင်မောင်သန်း၊ အောင်ရှန်နိုင်၊ မောင်အင်းစိန်၊ သုခထွေး(တောင်တွင်းကြီး)၊ မောင်တင့်လွင်(ပေါက်)၊ ခင်ဇ(စက်မှု)၊ ယုဝတီခင်ဦး၊ အောင်ဘုန်းဝေ(ပန်းဝေသီ)၊ ကိုထွန်းထွန်း (သာယာဝတီ)၊ မောင်ဒေါင်းဆွေ(ရွှေဇာမြေ)၊ ဖိုးစော(ဟဲဟိုး)၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ ရွှေကိုဦး၊ စောဟန်၊ ကချင်မြေငှက်ခါး၊ ဇွဲနေ၊ စည်သူကျော်၊ နေသွန်း၊ နတ်မောက်ကြည်မြိုင်၊ ဧရာဝတီ-မောင်စစ်နီ(ပန်းတနော်)၊ မင်းနိုင်လေး(လမ်းမတော်)၊ ချစ်ကိုကိုနော်(ဖော်အဝိုင်း)၊ မောင်သာချစ်(ဝက်လက်)၊ လူသား(ပခုက္ကူ)၊ ကနောင်မောင်မောင်၊ စကုဆွေသစ်၊ ဒင်းပုန်းအရှင်မဏ္ဍလ(ဆင်ပေါင်ဝဲ)၊ ချွန်းသာ၊ မိုးလွင်မိုး(တောင်ကုတ်)၊ ကိုစိုင်းထက်မြက်သိမ်း၊ ခမ်းစုဝင်းကြည်(သီပေါ)၊ မောင်မိုးယံတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာပန်းရုံရိပ်၊ ဓမ္မအလင်း ကဗျာပန်းခင်း၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ ဗုဒ္ဓစာဥယျာဉ်၊ ရုပ်ရှင်ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နိုင်ငံတကာမြင်ကွင်း သတင်းကဏ္ဍ၊ ဖွံ့ဖြိုးဝေစည် နိုင်ငံ့ဂုဏ်ရည်ကဏ္ဍ အစရှိသည့် ကဏ္ဍစုံဖြင့် သုတရသ စုံလင်စွာ တင်ဆက်ထားသည်။

ဝယ်ယူနိုင်

အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ရှိ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) ၅၂၉-၅၃၁ စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်း ရန်ကင်း ဆရာအတတ်သင်ရှေ့ ဖုန်း-၇၂၅၅၃၀နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အချိုရည်သစ်အကြောင်း မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မတ် ၁၆

အမ်ဂျီအက်(စ်) ဗီးဗရိတ်ဂျက်(စ်) ကုမ္ပဏီလီမိတက်က မူလ Star, Crusher, Quench အမှတ်တံဆိပ် အချိုရည်များအပြင် အသစ်ထပ်မံ တိုးချဲ့ထုတ်လုပ်လိုက်သော ပုံစံသစ်ဖြင့် အချိုရည်သစ် SIP (The Fruity Adventure) စတင် မိတ်ဆက်ခြင်း အခမ်းအနားနှင့် အမ်ဂျီအက်(စ်) ဗီးဗရိတ်ဂျက်(စ်) ကုမ္ပဏီလီမိတက်ကို နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ စီမံခန့်ခွဲ လုပ်ကိုင်နိုင်ကြောင်း အသိအမှတ်ပြုလက်မှတ် ISO 9001-2008 နှင့် HACCP လက်မှတ် တရားဝင်ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို မတ် ၁၀ရက် ညနေ ၆နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၏ Grand Ballroom ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် အမ်ဂျီအက်(စ်) ဗီးဗရိတ်ဂျက်(စ်) ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး Guardian Independent Certification (GIC) မှ တာဝန်ရှိသူတစ်ဦးက MGS Beverages ကုမ္ပဏီလီမိတက်သို့ ISO 9001-2008, HACCP ဂုဏ်ပြုလက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ MGS ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက MGS ၏ ၂၀၁၀ ခုနှစ် အချိုရည်ပစ္စည်းသစ် SIP အကြောင်းကို ရှင်းလင်းတင်ပြသည်။

ပစ္စည်းသစ်

SIP အချိုရည်သည် သဘာဝသစ်သီးများ၏ အံ့ဩဖွယ်ရာ ထူးခြားသောအရသာကို အခြေခံထားပြီး လိုက်ချီး၊ လိမ္မော်၊ မာလကာ၊ မက်မွန်အရသာ လေးမျိုး ထုတ်လုပ်ကာ MGS ၏ ဂုဏ်ယူဖွယ်ရာ ပစ္စည်းသစ်ဖြစ်ကြောင်း၊ လန်းဆန်းတက်ကြွပျော်ရွှင်မှုကို ခံစားရစေရုံသာမက စိတ်ချမ်းမြေ့စွာ သောက်သုံးနိုင်ကြမည့် ပစ္စည်းဖြစ်ကြောင်း၊ စားသုံးသူတို့၏ ကျန်းမာရေး၊ လူမှုရေး၊ ဘဝဟန်ပန်များကို အလေးဂရုပြုသည့် ကျင့်ဝတ်သိက္ခာ စောင့်ထိန်းသော စီးပွားရေးလုပ်ငန်းစုမှ ထုတ်လုပ်သည့် စားသောက်ကုန်အမယ်သစ်ဖြစ်ကြောင်း သိရသည်။

MGS မှ ထုတ်လုပ်သော SIP အချိုရည်ဘူးများကို ဖုန်း-၀၁-၂၂၃၄၁၅သို့လည်းကောင်း၊ ရန်ကုန်အရောင်းဌာန ဖုန်း-၀၁-၅၀၁၃၃၈ နှင့် ၀၁-၅၀၁၃၄၀၊ မန္တလေးအရောင်းဌာန ဖုန်း-၀၂-၅၃၇၃၇၊ ၀၂-၈၈၀၄၁ တို့သို့ လည်းကောင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖားစည်သံဝေ ဘားအံမြေသို့ ခရီးတစ်ခေါက် ရောက်ခဲ့ရာဝယ်

စာရေးသူ လွန်ခဲ့သော ငါးနှစ်ခန့်က သထုံမြို့မှတစ်ဆင့် အလုဖြာဝေ ဘားအံမြေသို့ ခရီးတစ်ခေါက် ရောက်ရှိခဲ့ဖူးသည်။ ထိုစဉ်က ဘားအံမြို့၏ ဖွံ့ဖြိုးသာယာ ရှုခင်းအလှအပတို့ကို တဝကြီးခံစားရင်း တစ်နေ့တာ လည်ပတ်ကြည့်ရှုခဲ့သည်။ ကရင်ပြည်နယ်၏ ကျက်သရေဆောင်အလှအပတို့စုဝေးရာ ဇွဲကပင်တောင်ပေါ်သို့ တက်ရောက်၍ မြင်ကွင်းအဖုံဖုံရှုခင်းစုံကို လေ့လာကြည့်ရှုခဲ့ဖူးသည်။

ယခု ဒုတိယအကြိမ် ဘားအံခရီးစဉ်မှာ မမျှော်လင့်ဘဲ ဘားအံသို့ သတင်းခရီးသွားရောက်လေ့လာခွင့် ရရှိခဲ့သည်။

ယနေ့ဘားအံ၏ တစ်မူထူးခြား ဖွံ့ဖြိုးတိုးတက်သာယာလှပမှု မြင်ကွင်းသစ်များကို သတင်းမျက်စိဖြင့် စိစစ်သုံးသပ်လေ့လာကြည့်ရှုမည်ဟု ကြိုတင်စဉ်းစားထားခဲ့သည်။ ဘားအံ၏ အလှအပများကို ခံစားကြည့်ရှုသောအခါ မိမိ ပထမအကြိမ်ရောက်စဉ်က မြင်ကွင်းများနှင့် ဘာမျှမဆိုင်တော့။ အဘက်ဘက်တွင် ပြောင်းလဲတိုးတက်ခဲ့ချေပြီ။

ဖားစည်သံဝေ ဘားအံမြေ၏ ချစ်စရာ မြင်ကွင်းအလှအပတို့မှာ သဘာဝက ပေးအပ်ဖန်တီးထားသော တောတောင်ရေမြေအလှအပတို့ဖြင့် ပေါင်းစပ်ရောခြယ်ထုံမွမ်းလိုက်သောအခါ စိမ်းစိုသောမြင်ကွင်း၊ ရောင်စုံပန်းကလေးများဖြင့် ဆေးရောင်စုံခြယ်ထားသော မြင်ကွင်းအလှအပတို့က အစားထိုးနေရာယူထားသဖြင့် ဘားအံ၏အလှအပတို့မှာ နတ်ပန်းချီဆေးခြယ်ထားသကဲ့သို့ပင် တင့်မောဖွယ် လှပနေပါတော့သည်။ ဘားအံသို့ တစ်ခေါက်ရောက်ဖူးလျှင်ပင် နောက်တစ်ခေါက်လာချင်အောင် ဘားအံက ညှို့ယူဖမ်းစား ထားနိုင်စွမ်းရှိပါသည်။

စာရေးသူတို့သတင်းအဖွဲ့ ဇန်နဝါရီလ ၂၂ရက်နေ့က ဘားအံသို့ ရောက်ရှိစဉ်အတွင်း ပထမဦးဆုံး လေ့လာခွင့်ရရှိခဲ့သော သင်တန်းကျောင်းမှာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဘားအံ)ပင်ဖြစ်သည်။ သင်တန်းကျောင်းသည် ဘားအံမြို့ အမှတ်(၆)ရပ်ကွက် လုပ်သားလမ်းနှင့် မဟာ့ရာလမ်းကြားတွင် တည်ရှိသည်။ အကျယ်အဝန်းမှာ မြေဧရိယာ ၃ ဒသမ ၁၀ဧက ကျယ်ဝန်းသည်။ အေးချမ်းသာယာလှပသော နေရာဒေသ တစ်ခုပင် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့ကိုချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကရင်ပြည်နယ် ဘားအံမြို့နယ်၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သင်ကြားလျက်ရှိသော နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။

နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းသည်နှင့်အမျှ လူသားအရင်းအမြစ်စွမ်းရည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၈ကျောင်းကို အချိန်နှင့်တစ်ပြေးညီ နိုင်ငံအတွင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ သတင်းအဖွဲ့မှာ အချိန်ရခိုက်

အာကာကျော်

ဘားအံမြို့ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ် ဦးမောင်သန်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ “ကျွန်တော်တို့ ဘားအံလူငယ်သင်တန်းကျောင်း ဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်ကတော့ ပညာရှာမှီးကြတဲ့ တိုင်းရင်းသားလူငယ်အချင်းချင်း ပိုမိုစည်းလုံးချစ်ခင်စွာနဲ့ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲတဲ့ လူငယ်များဖြစ်လာစေဖို့၊ ဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်တဲ့ လူငယ်များဖြစ်လာစေဖို့၊ ရိုးရာယဉ်ကျေးမှုနဲ့ ရိုးရာဓလေ့ထုံးစံများ သိရှိနားလည် ထိန်းသိမ်းသွားစေဖို့၊ တိုင်းရင်းသားလူမျိုးများရဲ့ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာစေဖို့၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်တည်ဆောက်ရာမှာ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ကြဖို့နဲ့ တတ်မြောက်တဲ့ ပညာရပ်များနဲ့ ကျောင်းဆင်းပြီးသွားပါက မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ကြဖို့ ရည်ရွယ်ထားကြပါတယ်။”

“ဒါ့အပြင် လူငယ်သင်တန်းကျောင်းမှာ လက်ခံတဲ့ ကျောင်းသားတွေက တိုင်းရင်းသားမျိုးနွယ်များဖြစ်ပြီး တိုင်းရင်းသားဘာသာစကား တတ်ကျွမ်းသူ၊ မိဘမဲ့၊ မိမဲ့၊ ဘမဲ့၊ ဆင်းရဲနွမ်းပါးသူ တစ်ခုခုဖြစ်ပြီး ဦးစားပေးအစီအစဉ်အတိုင်း စိစစ်လက်ခံသွားမှာဖြစ်ပါတယ်။ အတန်းပညာအလိုက် အသက်ကန့်သတ်ချက်များကတော့ မူလတန်း (၈)နှစ်မှ (၁၂)နှစ်၊ အလယ်တန်း (၁၂)နှစ်မှ (၁၆)နှစ်၊ အထက်တန်း (၁၆)နှစ်မှ (၁၈)နှစ်တို့ ဖြစ်ပါတယ်။”

“ဒါ့အပြင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ပညာရည် မြင့်မားရေးအတွက် အတန်းပညာများ သင်ကြားပေးလျက်ရှိသည့်အပြင် ပြည်ထောင်စုစိတ်ဓာတ် ဘာသာရပ်နဲ့ အဆင့်မြင့် ယဉ်ကျေးမှုဘာသာရပ်များကိုလည်း သင်ကြားပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကျောင်းဝင်းအတွင်း နှစ်ရှည်ပင်များနဲ့ ရာသီအလိုက် သီးနှံစုံစိုက်ပျိုးကြတဲ့အပြင် တိုင်းရင်းသားလူငယ်ကလေးများကို တစ်နေ့တာအချိန်ဇယားရေးဆွဲ၍ လေ့ကျင့်ပျိုးထောင် ပေးလျက်ရှိပါတယ်”ဟု အားပါးတရ ရှင်းလင်းပြောပြပါသည်။

သတင်းအဖွဲ့မှာ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဘားအံ)၏ ပညာသင်ကြားပေးမှုအခန်းကဏ္ဍကို လေ့လာကြည့်သောအခါ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရပ်များကို သင်ကြားပေးပြီး အထက်တန်းအဆင့်အောင်မြင်ပြီးဆုံးပါက ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်၊ မန္တလေး)တွင် B.A, B.Sc ဘွဲ့နှင့် A.G.T.I ဒီပလိုမာ ပညာရပ်များကို ဆက်လက်သင်ကြားပေးလျက်ရှိပြီး ထူးချွန်သောကျောင်းသားများအား မဟာဘွဲ့၊ ပါရဂူဘွဲ့ရသည်အထိ နိုင်ငံတော်မှ တာဝန်ယူသင်ကြားပေး၍ ကျောင်းဆင်းပြီးသည်နှင့် ဝန်ကြီးဌာနများတွင် ဝန်ထမ်းအဖြစ် ခန့်အပ်ပေးလျက်ရှိပေသည်။

ဤသည်တို့မှာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များအပေါ်တွင် ထားရှိသော နိုင်ငံတော်အစိုးရ၏ စေတနာ၊ မေတ္တာအလှပန်းများပင် ဖြစ်ပါသည်။ စေတနာအလှပန်းများ နိုင်ငံတစ်ဝန်း ပွင့်လန်းဝေဆာဖူးပွင့်နေပြီဖြစ်ပါသည်။

သတင်းအဖွဲ့မှာ မွန်းလွဲ၁နာရီတွင် လူငယ်သင်တန်းကျောင်းမှ ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ ဆက်လက်လေ့လာခွင့်ရရှိခဲ့သည်။ နိုင်ငံတော်မှ ဖွင့်လှစ်ခဲ့ပြီးသော အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ ၃၈ကျောင်းရှိပြီဖြစ်သည်။

ဤသင်တန်းကျောင်းမှာ ဘားအံမြို့ အမှတ်(၆)ရပ်ကွက် ပဒုမ္မာလမ်းဘေးတွင်တည်ရှိပြီး မြေအကျယ်အဝန်းမှာ ၃ဒသမ ၈၄ဧက ကျယ်ဝန်းပါသည်။ သင်တန်းကျောင်းသို့ လှမ်းဝင်လိုက်သောအခါ သင်တန်းကျောင်းအဆောက်အအုံများ စနစ်တကျ ဆောက်လုပ်ထားသည်ကို တွေ့မြင်ရသည်။ ကားပတ်လမ်းအတွင်းဘက်၌ ပိန္နဲ၊ ကျွဲကော၊ ဒူးရင်းပင်များအပြင် ကိုင်းကူးသရက်ပင်များကို အကွက်ချစိုက်ပျိုးထားသည်ကိုတွေ့မြင်ရပြီး ရာသီအလိုက်သီးနှံပင်များနှင့် ပန်းအလှပင်ကလေးများမှာ လှပဝေဆာစွာ ဖူးပွင့်နေကြပြီဖြစ်သည်။

ထို့နောက် သတင်းအဖွဲ့က သင်တန်းကျောင်းအုပ် ဒေါ်ကြည်ကြည်လွင်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ “ဘားအံ အိမ်တွင်းမှုသင်တန်းကျောင်းမှာ သင်တန်းလာတက်တဲ့ တိုင်းရင်းသူအမျိုးသမီးလေးတွေ့ရဲ့ ဘဝရှေ့ရေးကတော့ မြင့်မားတိုးတက်တော့မှာ ကျိန်းသေပါပဲ။ မကြာမီမှာ ကိုယ်ပိုင်စီးပွားရေးထူထောင်ပြီး စားဝတ်နေရေး ဘက်စုံတိုးတက်တော့မှာ၊ လူနေမှုအဆင့်အတန်းမြင့်မားကြတော့မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီသင်တန်းကျောင်းမှာ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဘာသာရပ်ပါ သင်ကြားပို့ချပေးလျက်ရှိပါတယ်”ဟု ရှင်းလင်းပြောကြားသည်။

ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းကို ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့မှ စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယနေ့အထိ တိုင်းရင်းသူ ၉၈၅ ဦးတို့အား အသက်မွေးဝမ်းကျောင်းပညာရပ်များကို စရိတ်ငြိမ်း သင်ကြားပို့ချပေးနိုင်ခဲ့ပေသည်။

သတင်းအဖွဲ့မှာ သံတောင်ကြီးမြို့မှ သင်တန်းသူနော်ပရိမိုးဇာနှင့်တွေ့ဆုံမေးမြန်းခွင့်ရရှိခဲ့ရာ “သမီး အခုဆိုရင် နိုင်ငံတော်ရဲ့ကျေးဇူးနဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်များကို စရိတ်ငြိမ်း သင်ကြားခွင့် ရရှိနေပါပြီ။ သင်တန်းပြီးဆုံးရင် ကိုယ်ပိုင်စီးပွားရေးထူထောင်ပြီး ဒေသ ဖွံ့ဖြိုးတိုးတက်ရေးပါ ဆောင်ရွက်သွားမှာပါ”ဟု ပြောပြသည်။

ဆက်လက်ပြီး မြိုင်ကြီးငူ အထူးဒေသမှ သင်တန်းသူ နန်းချယ်ရီဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ “သမီးတို့ ဒေသခံတိုင်းရင်းသူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းပွင့်လင်းပြီး အသက်မွေးဝမ်းကျောင်းပညာရပ်တွေ သင်ကြားခွင့်ရလို့ နိုင်ငံတော်နဲ့ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိနေပါတယ်။ သမီးတို့ ကရင်တိုင်းရင်းသူ အမျိုးသမီးငယ်လေးတွေရဲ့ဘဝ တိုးတက်မြင့်မားလာတော့မှာ ဖြစ်ပါတယ်”ဟု အားပါးတရ ဖွင့်ဟပြောပြသွားပါသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဘားအံ)နှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ဘားအံ)တို့ကို ဖွင့်လှစ်သင်ကြား လေ့ကျင့်ပျိုးထောင်ပေးခြင်း၏ ကျေးဇူးကြောင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များနှင့် တိုင်းရင်းသူအမျိုးသမီးငယ်ကလေးများ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာကာ တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးပြီး ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ခိုင်မာဖွံ့ဖြိုးလျက်ရှိပါကြောင်း သတင်းခရီးသည်တစ်ဦးအနေဖြင့် လေ့လာရေးသား တင်ပြလိုက်ရပေသည်။ ။

သံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းသား သင်တန်းသူများ၏ စုပေါင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၆

ပထမအကြိမ် အခြေခံ/အဆင့်မြင့် သံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းသား သင်တန်းသူများ၏ စုပေါင်းအာစရိယပူဇော်ပွဲနှင့် သင်တန်း (၁၀)နှစ်ပြည့် အထိမ်းအမှတ် ပြန်လည်တွေ့ဆုံပွဲကို မတ် ၂၁ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန မဟော်သဓာသင်တန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ သက်ဆိုင်သူအားလုံး တက်ရောက်ကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဦးအောင်လင်း ဖုန်း-၀၉-၅၀-၁၈၀၉၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အထက(၁)ဒဂုံ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၆

၁၉၇၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော လုပ်သက်ရှစ်နှစ်နှင့်အထက်၊ အသက်(၆၀)အထက် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို မတ် ၂၈ ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ အားလုံး ပါဝင်တက်ရောက်ကြပါရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများသည် သီရိမာ (၇၈) ဖုန်း-၀၉-၅၀-၂၁၂၄၁၊ နုနုရီ (၇၉) ဖုန်း-၀၉-၅၁-၇၈၄၀၇၊ မြတ်စိုးဝင်း(၇၉) ဖုန်း-၀၉-၅၁-၂၆၇၇၅၊ ဇော်မင်းဦး (၈၆) ဖုန်း-၀၉-၅၀-၀၂၅၇၁၊ ကေခိုင်လင်း(၉၀) ဖုန်း-၀၉-၅၁-၂၇၂၁၅၊ ချိုလေးလွင်(၉၁) ဖုန်း-၀၉-၉၉-၇၂၅၈၀၊ သားစိုး(၉၇) ဖုန်း-၀၉-၅၁-၄၀၂၁၀၊ ဇော်မောင်မောင်ကျော် (၉၄) ဖုန်း-၀၉-၅၄-၁၀၃၇၄၊ ကျော်သူစိုး (၉၉) ဖုန်း-၀၉-၅၁-၆၆၂၉၄၊ အောင်သူထွန်း (၉၀) ဖုန်း-၀၉-၈၆-၁၄၈၀၀၊ ရဲမင်းလွင်(၀၂) ဖုန်း-၀၉-၅၅-၀၄၅၉၄၊ အောင်ကိုကို (၉၀) ဖုန်း-၀၉-၅၀-၄၀၄၅၄၅၊ ကျော်စွာဝင်း (၉၀) ဖုန်း-၀၉-၅၁-၁၂၂၃၃၊ ရဲမျိုးသွင် (၈၆) ဖုန်း-၀၉-၅၀-၂၈၇၈၁၊ အေးအေးမျိုး (၉၇) ဖုန်း-၀၉-၅၀-၁၆၆၀၅နှင့် ဝင်းစန္ဒာကြီး(၈၆) ဖုန်း-၃၇၅၅၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လူမှုဒုက္ခ ဝေးလိုက
စဉ်ပမီးဘေး ကာကွယ်ပေး



i Stock ကုန်စာရင်းထိန်း ကွန်ပျူတာစနစ် ထုတ်လုပ်ဖြန့်ဖြူး

ရန်ကုန် မတ် ၁၆

စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုရလွယ်ကူသော i Stock ကုန်စာရင်းထိန်း ကွန်ပျူတာစနစ်ကို i Ntegra Systems Co., Ltd. မှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

မရှိမဖြစ်အရေးပါ

i Stock ကုန်စာရင်းထိန်း ကွန်ပျူတာစနစ်ကို အသုံးပြုခြင်းဖြင့် အရောင်းနှင့် ကုန်ပစ္စည်းစာရင်းများကို လွယ်ကူစွာ သိရှိနိုင်သည့်အတွက် စီးပွားရေးလုပ်ငန်းများ ပိုမိုမြန်ဆန်လာပြီး အမှားအယွင်း လျော့နည်းစေခြင်းကြောင့် စီးပွားရေးလုပ်ငန်းများအတွက် မရှိမဖြစ်အရေးပါသော စနစ်ဖြစ်သည်။

i Stock ကုန်စာရင်းထိန်း ကွန်ပျူတာစနစ်သည် အရောင်းအဝယ်လုပ်ငန်းတစ်ခုအတွက် မရှိမဖြစ်ပါဝင်ရမည့် ကုန်လက်ကျန်စာရင်းနှင့် အဝယ်စာရင်းများပါဝင်သော ကွန်ပျူတာစနစ်ဖြစ်ပြီး ကုန်ပစ္စည်းဖြန့်ဖြူးသော လမ်းကြောင်းအလိုက် ထိန်းချုပ်နိုင်သည့်အပြင် အရောင်းဝန်ထမ်းအလိုက် ရောင်းအား၊ ကုန်လက်ကျန်များကိုပါ အတိအကျ သိရှိစေသည်။

မြန်မာကျပ်ငွေ တစ်မျိုးတည်းသာမက FEC, USD စသည့် ငွေစာရင်းများကို သီးခြားတွက်ချက်ပေးနိုင်ပြီး ဌာနခွဲတစ်ခုချင်းအလိုက် ငွေစာရင်း၊ အရောင်းစာရင်းများအပြင် ဌာနခွဲအားလုံးကိုပါ စာရင်းချုပ်နိုင်သည်။

အသုံးပြုနိုင်

i Stock ကုန်စာရင်းထိန်း ကွန်ပျူတာစနစ်ကို ကုန်ပစ္စည်းရောင်းချသော မည်သည့်လုပ်ငန်းတွင်မဆို အသုံးပြုနိုင်သည်။

ပို့ချပေးမည်

i Stock ကုန်စာရင်းထိန်းကွန်ပျူတာစနစ်သည် မြန်မာ၊ အင်္ဂလိပ် နှစ်မျိုးတွဲသုံးနိုင်ပြီး စာရင်းများကို လုံခြုံစွာ သိမ်းဆည်းနိုင်သည့် အားသာချက်များ ပါဝင်သည်။ ထို့အပြင် ဝန်ဆောင်မှုအနေဖြင့် အသုံးပြုပုံသင်တန်းကိုလည်း လုပ်ငန်းခွင်အရောက် ပို့ချပေးမည်ဖြစ်သည်။

ဆက်သွယ်လေ့လာ

i Stock ကုန်ပစ္စည်းထိန်း ကွန်ပျူတာစနစ်ကို iNtegra Systems Co., Ltd. ရုံးခန်းတည်ရှိရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ် အမှတ် ၄၂(ဒီ) ဖုန်း-၅၅၇၆၃၈၊ ၀၉-၅၁-၄၀၇၁၆ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည့်အပြင် မတ် ၁၉ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည့် Myanmar ICT Exhibition 2010 ပြပွဲ၌ ပြခန်းဖွင့်လှစ်ပြသရာတွင်လည်း ဆက်သွယ်လေ့လာ ဝယ်ယူနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၇-၃-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၅ ၄။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၄:၄၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၅ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၀၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၈။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၂၀ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၄။ Mail Box
- ၆:၄၅ ၁၅။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၂၁)
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၆၀)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ ရယ်ရွှင်စရာ ဟာသပဒေသာ **မြားနတ်မောင်ပါခင်ဗျာ** မိုးယံဇွန်၊ ဆုပန်ထွာ၊ ဧရာ၊ အုန်းသီး၊ ဗေဒါ၊ စိုပြေ၊ အံ့မင်းညို၊ သူရလင်း၊ ချမ်းမီမီကို၊ အေးသီတာ(ပန်းဝေသီ) (ဒါရိုက်တာ-မောင်ပြည့်ဝ)
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘာ့ညီးတင်မယ့် ချင်သူရဲကောင်း** (အပိုင်း-၅)

တိုင်းရင်းသားတို့၏ဘဝ ပိုမိုလှပစေမည့် ကျိုင်းတုံမြို့နယ်မှ ပညာအလင်းရောင်စာကြည့်တိုက်

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း - လေးနွယ်(မင်္ဂလာဒုံ)၊ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင်(မြန်မာ့အလင်း)

နေပြည်တော် မတ် ၁၆

ကျိုင်းတုံမြို့သို့ရောက်ရှိခိုက်ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ထားရှိမှုကို သွားရောက် လေ့လာဖြစ်ခဲ့သည်။ ကျိုင်းတုံမြို့နယ်အတွင်း ရွာတိုင်းနီးပါး ကျေးရွာစာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်ခဲ့ကြပြီဟု ပီတိဖြစ်ဖွယ် ကြားသိခဲ့ရသည်။ ဒေသခံတိုင်းရင်းသားပြည်သူများ ပညာအလင်းဖြင့် အသိဉာဏ်ပွင့်လင်းနိုင်ခဲ့ကြပြီဟု ကြည်နူးစိတ်ဖြစ်ခဲ့ရသည်။

ကျိုင်းတုံမြို့နယ် ဂျိုးဖြူရွာမှ ပညာအလင်းရောင်စာကြည့်တိုက်ကို ဤသို့ သပ်ရပ်စွာ တည်ဆောက်ထားသည်။ (မြန်မာ့အလင်း)

လေ့လာခွင့်ရရှိ

ဂျိုးဖြူကျေးရွာတွင် **“ပညာအလင်းရောင်”** စာကြည့်တိုက်ဖွင့်လှစ်ထားသည်ဟု ဆိုသဖြင့် ကျိုင်းတုံမြို့မှ ဂျိုးဖြူရွာသို့ ခရီးထွက်ခဲ့သည်။ တောင်တန်း၊ တောင်ကြောများကို ကွေ့ဝိုက်ဖောက်လုပ်ထားသော ကားလမ်းအတိုင်း မော်တော်ယာဉ်ဖြင့် စီးနင်းလိုက်ပါလာရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဝန်းကျင်ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအလှများကို စိတ်တိုင်းကျ ကြည့်ရှုလေ့လာခွင့်ရခဲ့သည်။

တွေ့မြင်

ကားလမ်းတစ်လျှောက် တည်ဆောက်ပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ကားလမ်းတိုးချဲ့ အဆင့်မြှင့်တင်နေမှုများ၊ တောင်ယာလှေကားထစ်ဖြင့် စိုက်ပျိုးထားမှုများကို မပြတ်တမ်း တွေ့မြင်ခဲ့ရသည်။ တောင်ကုန်း၊ တောင်ခြေများတွင် ရာသီသီးနှံ စိုက်ပျိုးထားမှုနှင့် နွေစပါး စိုက်ပျိုးထားမှု မြင်ကွင်းများကို နေရာတိုင်း၌ မြင်တွေ့ရသည်။

“စာကြည့်တိုက်ကို တစ်ပတ်လေးရက်တော့ ရောက်ပြီး ဗဟုသုတဖြစ်စေမယ့် စာအုပ်တွေ ဖတ်ဖြစ်ပါတယ်” မယ့ေဆာမ်း။

အသက်မွေးဝမ်းကျောင်းပြု

ကျိုင်းတုံမြို့မှ ခြောက်မိုင်ခန့်အကွာ ရောက်ရှိသည်နှင့် ကားလမ်းဘေးတွင် တည်ဆောက်ထားသော ဂျိုးဖြူရွာကို တွေ့မြင်လိုက်ရသည်။ ဂျိုးဖြူရွာသည် ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်လမ်းပေါ်တွင် တည်ရှိသည်။ ကျေးရွာသားများမှာ တောင်ယာစိုက်ပျိုးခြင်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ပြုလုပ်ကာ အသက်မွေးဝမ်းကျောင်း ပြုကြသူများဖြစ်ကြောင်း သိရသည်။

စာကြည့်တိုက်

ထို့နောက် **“ပညာအလင်းရောင်”** စာကြည့်တိုက်ရှိရာသို့ ရောက်ရှိခဲ့သည်။ အလျား ၃၂ပေ၊ အနံ ၁၅ပေကျယ်ဝန်းပြီး အုတ်ညှပ်၊ သွပ်မိုးနှစ်ထပ်အဆောက်အအုံဖြစ်သည်။ ပညာအလင်းရောင် စာကြည့်တိုက်ကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၇ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖတ်ရှု

ပညာအလင်းရောင် စာကြည့်တိုက်အတွင်း ဝင်ရောက်လေ့လာခဲ့ရာ စာအုပ်များအား စိတ်ဝင်စားစွာ လေ့လာဖတ်ရှုနေကြသူများကို တွေ့ရသည်။ အများအားဖြင့် လူလတ်၊ လူငယ်နှင့် ကလေးငယ်များဖြစ်ရာ မိမိတို့ကြိုက်နှစ်သက်ရာ စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာစောင်များကို စိတ်ဝင်စားစွာ ဖတ်ရှုနေကြသည်။

စာကြည့်တိုက်အတွင်း စာအုပ်ဖတ်ရှုလေ့လာနေသူတစ်ဦးကို တွေ့ဆုံမေးမြန်းခဲ့ရာ “နာမည်က မယ့ေဆာမ်း ဖြစ်ပါတယ်။ ဂျိုးဖြူရွာကပါ။ အလင်းရောင် စာကြည့်တိုက်ကို တစ်ပတ်လေးရက်လောက်တော့ရောက်ပြီး ကြိုက်နှစ်သက်တဲ့ စာအုပ်တွေကို ရွေးချယ် ဖတ်ရှုဖြစ်ပါတယ်။ ကိုယ့်အတွက် ဗဟုသုတရရှိစေမယ့်၊ အကျိုးဖြစ်ထွန်းစေမယ့် စာပေတွေကို ရွေးပြီးဖတ်တာပါ။ စာကြည့်တိုက်မှာ ဖတ်ဖို့အချိန်မရရင်တော့ အိမ်ကို စာအုပ်ငှားပြီး ဖတ်လေ့ရှိပါတယ်”ဟု စကားသံဝဲဝဲဖြင့် ပြောပြသည်။

စာကြည့်တိုက်အတွင်း စာအုပ်များကို လေ့လာမိသည်။ သုတ၊ ရသစာအုပ် ၅၀၀ကျော်၊ မဂ္ဂဇင်းနှင့် ဂျာနယ် ၅၀၀ ကျော်၊ ဝတ္ထုနှင့် ရုပ်ပြစာအုပ် ၂၀၀ကျော် အပြင် အခြားစာစောင်များကိုလည်း တွေ့ရှိရသည်။ စာကြည့်တိုက်သို့ စာအုပ်များ ထပ်မံဖြည့်ဆည်းမည်ဖြစ်ကြောင်းလည်း သိရသည်။ စာအုပ်များကို စာအုပ်ဗီရိုဖြင့် စနစ်တကျထားရှိကြောင်း တွေ့ရသည်။

ပညာအလင်းရောင် စာကြည့်တိုက်တွင် လာရောက် စာအုပ်ဖတ်ရှုနေကြသည့် ရွာသူရွာသားများကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

စာငှားကတ်

စာကြည့်တိုက်မှ စာအုပ်များကို စာကြည့်တိုက်အသင်းဝင်ကတ်များပြုလုပ်ပြီးမှ ငှားရမ်းခွင့်ပြုထားသည်။ စာအုပ်များကို နေ့စဉ်ငှားရမ်းကြသူများရှိသလို စာကြည့်တိုက်သို့လာရောက်ပြီး ကောင်းနိုးရာရာ စာအုပ်များကို ရွေးချယ်ဖတ်ရှုသူဦးရေမှာ တစ်နေ့လျှင် ၁၅ဦးမှ ၂၀အထိရှိကြောင်း သိရသည်။

နေ့စဉ်ဖွင့်ချိန်

“ပညာအလင်းရောင်” ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သည် ရွာသူရွာသားများ အလုပ်ပြီးစီးချိန် ည ၆နာရီမှ ၈နာရီ အထိ ဖွင့်လှစ်ပေးထားသကဲ့သို့ နေ့ပိုင်း အချိန်များတွင်လည်း စာဖတ်လိုသူများ အဆင်ပြေစွာ လေ့လာဖတ်ရှုနိုင်အောင်ဖွင့်လှစ်ပေးထားသည်။ ကလေးငယ်များအတွက်ပါ စိတ်ဝင်စားဖွယ်ရုပ်ပြစာအုပ်များကို ထားရှိပေးသဖြင့် အရွယ်မရွေး ဗဟုသုတပေးနိုင်သော စာကြည့်တိုက်လည်း ဖြစ်သည်။

ဂျိုးဖြူကျေးရွာမှ **“ပညာအလင်းရောင်”** စာကြည့်တိုက်ကကျေးရွာသားများအတွက် အဖိုးမဖြတ်နိုင်သော ပညာအလင်းကို ဖြန့်ဝေပေးလျက်ရှိနေပြီဖြစ်ရာကျေးရွာသားများ၏ဘဝ တိုးတက်မြင့်မားရေးအတွက်တစ်ဖက်တစ်လမ်းက ထောက်ကူဖြည့်ဆည်းပေးလျက်ရှိနေပြီဖြစ်ပါကြောင်း ခရီးတစ်ထောက် တွေ့ဆုံမေးမြန်းရေးသားဖော်ပြလိုက်ရပါသည်။ ။**(မြန်မာ့အလင်း)**

မီးဖို မီးကြွင်း မီးကျန် သတိပြုရန် နှိုးဆော်ချက်

- သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုများဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။
- သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလတ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သို့သွားခြင်းအား သတိထားပြီး အလေ့အကျင့် ပြုလုပ်ပါ။
- မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

ပွဲပြီးခါနီးဂိုးနဲ့ ဆောက်သမ်းအသင်း အမှတ်ပြည့်ရ

သတင်းမြင်ကွင်း နှင့် ဓာတ်ပုံ - ဖိုးသော်ဇင်

ရန်ကုန် မတ် ၁၆

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၅)ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းမှာကျင်းပရာ ဆောက်သမ်းမြန်မာအသင်းက နေပြည်တော် F.C ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

ဆောက်သမ်းမြန်မာ	-	**နှစ်ဂိုး**
နေပြည်တော် F.C	-	**တစ်ဂိုး**

မထိန်းနိုင်

အသင်းသစ် နေပြည်တော် F.C အသင်းဟာ ဆောက်သမ်းမြန်မာအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့ပေမယ့် MNL မှာ အတွေ့အကြုံနည်းသေးတာကြောင့် ဦးဆောင်ဂိုးရခဲ့ပေမယ့် အနိုင်ကိုမထိန်းနိုင်ဘဲ ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ မကွေးF.C ကစားသမားဟောင်း အရှုနာ၊ ဇေယျာရွှေမြေကစားသမားဟောင်းတွေဖြစ်တဲ့ မာတင်နဲ့ ရာမို့စ်တို့အပါအဝင် နိုင်ငံခြားသားလေးဦးပါဝင်လာတဲ့ နေပြည်တော် F.C ၏ ကစားပုံဟာ ကျေနပ်စရာရှိပေမယ့် ပြည်တွင်းကစားသမားတွေက အတွေ့အကြုံနည်းသေးတာကြောင့် ပွဲဦးထွက် ရလဒ်မကောင်းခဲ့ရတာ ဖြစ်ပါတယ်။

အနိုင်နဲ့တာထွက်

ပြီးခဲ့တဲ့ပြိုင်ပွဲမှာ အမှတ်ပေးဇယားအောက်ဆုံးရောက်ခဲ့လို့ နိုင်ငံခြားသားကစားသမားခေါ်ယူမှုကအစ ပြင်ဆင်မှုတွေသေချာပြုလုပ်ထားတဲ့ ဆောက်သမ်းမြန်မာအသင်းကတော့ အနိုင်နဲ့တာထွက်နိုင်ခဲ့ပါတယ်။ ခေါ်ယူထားတဲ့ နိုင်ငံခြားသားတွေ အထိုင်မကျသေးတာကြောင့် ဆောက်သမ်းမြန်မာအသင်းဟာ အကောင်းဆုံး ပုံစံမရခဲ့ပေမယ့် ပွဲပြီးခါနီးဂိုးနဲ့ အမှတ်ပြည့်ရရှိခဲ့တာ ဖြစ်ပါတယ်။

နေပြည်တော်အသင်းတိုက်စစ်မှူး အရှုနာ ဆောက်သမ်းနောက်တန်းသို့ ထိုးဖောက်နေစဉ်။ (မြန်မာ့အလင်း)

ခြေစွမ်းမပြ

ကင်မရွန်းတိုက်စစ်မှူး အရှုနာနဲ့ လက်ရွေးစင်ဟောင်း လာကျဲအိုလွယ်တို့ကို တိုက်စစ်မှာထားကစားခဲ့တဲ့ နေပြည်တော် F.C ဟာ ပွဲစကတည်းက ဆောက်သမ်းမြန်မာခံစစ်ပိုင်းကို အခက်တွေ့အောင်လုပ်နိုင်ခဲ့ပါတယ်။ ၁၅မိနစ်မှာတော့ နေပြည်တော် F.C ဦးဆောင်ဂိုးရသွားပြီး အရှုနာ ခေါင်းတိုက်သွင်းရာမှ တိုင်ထိထွက်လာတာကို ၄င်းကပဲ ပိတ်သွင်းယူခဲ့တာဖြစ်ပါတယ်။ ဂိုးရပြီးနောက်ပိုင်းမှာတော့ နေပြည်တော် F.C ဟာ အနိုင်ကိုထိန်းဖို့ ကြိုးစားပေမယ့် အတွေ့အကြုံနည်းတာကြောင့် ၂၄ မိနစ်မှာ ဂိုးပြန်ပေးခဲ့ရပါတယ်။ အဲဒီချေပဂိုးကိုတော့ ဆားဗီးယားကွင်းလယ်လူ မီဂျာကိုဗစ်က ပယ်နယ်တီကနေ ကန်သွင်းယူခဲ့တာဖြစ်ပါတယ်။ သရေဖြစ်ပြီးနောက်ပိုင်းမှာ နေပြည်တော် F.C ကစားပုံပျက်သွားပြီး ဆောက်သမ်းမြန်မာ ဖိကစားနိုင်ခဲ့ပေမယ့် လိုက်ဘေးရီးယားလက်ရွေးစင်ဟောင်း တိုက်စစ်မှူးအီတာ ခြေစွမ်းမပြနိုင်တာကြောင့် ဂိုးထပ်မံမရခဲ့ပါဘူး။ ဆောက်သမ်းမြန်မာအတွက် အနိုင်ဂိုးကိုတော့ ၈၅ မိနစ်မှာ လူစားဝင်လာတဲ့ အောင်ရဲထွဋ်က သွင်းယူခဲ့တာဖြစ်ပါတယ်။ ။

၂၀-၃-၂၀၁၀

သုဝဏ္ဏကွင်း

ဇေယျာရွှေမြေ - မကွေး

ဗထူးကွင်း

ရတနာပုံ - ဥဿာယူနိုက်တက်

(မြန်မာ့အလင်း)

တပ်မတော်(အငြိမ်းစား) ဘောလုံးနည်းပြ ဘောလုံးသမားဟောင်းများအား အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၆

၂၀၁၀ခုနှစ် ဆဋ္ဌမအကြိမ်မြောက် တပ်မတော်(အငြိမ်းစား) ဘောလုံးနည်းပြ/ဘောလုံးသမားဟောင်းများအား အာစရိယပူဇော်ပွဲကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲကို တပ်မတော်(အငြိမ်းစား) ဘောလုံးနည်းပြများနှင့် တပ်မတော်ဘောလုံးသမား ဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဒါန်းပူဇော်လိုသူများအနေဖြင့် ဗိုလ်မှူးစိုးမြင့်အောင် ဖုန်း-၀၉-၅၀-၅၅၅၆၂၊ ဗိုလ်မှူးတင့်ဇော် ဖုန်း-၀၉-၅၀-၄၈၂၈၉နှင့် ၀၉-၈၅-၇၂၄၉၁၊ ဗိုလ်ကြီးတင်ကိုကိုမောင် ဖုန်း-၀၉-၅၁-၈၅၄၆၁၊ အရာခံဗိုလ်အေးကြူကြီး ဖုန်း-၀၉-၂၀-၂၈၀၀၅နှင့် ၀၁-၆၃၅၁၆၁၊ တပ်မတော်(ဒိုင်အဖွဲ့)ဖုန်း-၀၁-၆၃၅၆၃၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး ဘူမိအထူးပြု ကျောင်းသားများနှင့် တွေ့ဆုံ စည်းကမ်းကောင်းမွန်ပြီး စာပေပညာအား အထူးကြိုးစားသင်ယူရေးမှာကြား

နေပြည်တော် မတ် ၁၆

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် မတ် ၁၂ရက်က စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့ မုံရွာတက္ကသိုလ်သို့ရောက်ရှိပြီး ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ဘူမိဗေဒအထူးပြုကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရေး၊ စာပေပညာကို အထူးကြိုးစားသင်ယူရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး တက်ရောက်လာကြသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် စီးပွားရေးတက္ကသိုလ်(မုံရွာ) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် တက္ကသိုလ် ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ရာ စီးပွားရေးတက္ကသိုလ်(မုံရွာ) ပါမောက္ခချုပ်မှ တက္ကသိုလ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးကအမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် မတ် ၁၄ရက်တွင် (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်း၌ ကျင်းပသည့် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက စုပေါင်းသွေးလှူဒါန်းပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် သွေးလှူရှင်များ၏ သွေးလှူဒါန်းနေမှုကို လှည့်လည်ကြည့်ရှုကာ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမေရိကန်သံရုံးမှ ကောင်စစ်ဝန်နှင့်အဖွဲ့ ညီညီအောင်(ခ) ကျော်ဇောလွင်အား ကောင်စစ်ဆိုင်ရာ တွေ့ဆုံမှုပြုလုပ်

နေပြည်တော် မတ် ၁၆

အမေရိကန်သံရုံး၏ မေတ္တာရပ်ခံချက်ကို အလေးထားသောအားဖြင့် မတ် ၁၂ရက် မွန်းလွဲ ၁၂နာရီ ၅၅မိနစ်တွင် ပြည်မြို့ အကျဉ်းထောင်ရှိ ထောင်တာဝန်ခံရုံးခန်း၌ ရန်ကုန်မြို့ အမေရိကန်သံရုံးမှကောင်စစ်ဝန် Mr.Colin P.Furst နှင့် အဖွဲ့ဝင်တစ်ဦးတို့အား အမေရိကန်နိုင်ငံသား ခံယူထားသူ ပြစ်ဒဏ်ကျအကျဉ်းသား ညီညီအောင်(ခ) ကျော်ဇောလွင်နှင့် ကောင်စစ်ဆိုင်ရာတွေ့ဆုံခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် မတ် ၄ရက်က သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှု၊ ဈေးရောင်းချမှုများ၊ သန့်ရှင်းမှုနှင့် စနစ်တကျရှိစေရေးဆောင်ရွက်ထားရှိမှုတို့ကို ကွင်းဆင်းစစ်ဆေးရာ အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် ဈေးတာဝန်ခံတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၃-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **သူတော်ကောင်းအလှူ** တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ပညာဝရ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၂)
- ၈:၃၀ Sports World (MNL ဖွင့်ပွဲ မန္တလေး)
- ၈:၅၅ Activities in the City (မြောက်ဥက္ကလာပ အလက-၁၏ ရွှေရတုအာစရိယပူဇော်ပွဲ)
- ၉:၀၀ ပညာရေးအတွက်ကွန်းခိုရာ ပညာရိပ်ငြိမ်မှာ
- ၉:၁၅ **အမှန်ထင်နေသောအမှား** ခန့်စည်သူ၊ အေးမြတ်သူ၊ ငှက်ပျောကြော် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၉:၃၀ အားကစားမြင်ကွင်းစုံ ဦးတင်အောင်(မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး)၊ ဦးစိုးမိုးကျော်(မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ၊ ထွန်းနေစိုး)
- ၁၀:၁၀ အကြားအာရုံ၏အားကိုးရာ
- ၁၀:၃၀ ဗီဒီယိုပြခန်း
- ၁၀:၄၅ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ(သုတေသီ)]
- ၁၁:၂၀ ဓာတ်ပုံထဲမှအမှတ်တရများ (သရုပ်ဆောင်ဇေဇေ၏ ဓာတ်ပုံထဲမှအမှတ်တရများ) (အပိုင်း-၁)
- ၁၁:၄၅ **ရွှေဖြူ** ဟုခေါ်သည် (အပိုင်း-၂)
- ၁၂:၁၀ တို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကိုငြင်းပယ်စို့
- ၁၂:၃၀ MHR သင်တန်းကျောင်းမှ ဝေဠုဝန်စာသင်တိုက်သို့ ပရဟိတအလှူပွဲ
- ၁၂:၅၀ ကွမ်းစားခြင်းနှင့်ခံတွင်းရောဂါ အန္တရာယ်(ပါမောက္ခဦးမြသော်)
- ၁:၀၀ **သူတော်ကောင်းအလှူ** တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ပညာဝရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (ငယ်မူပြန်တာကောင်းတယ်၊ ငယ်မူမပြန်တာကောင်းတယ်)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၂)
- ၄:၁၀ မုဒိတာနှလုံးသားများနဲ့ ပီတိအပြုံးများ
- ၄:၄၅ နွေအလုပန်းချီတေးကိုသီ
- ၄:၅၅ Activities in the City (မြောက်ဥက္ကလာပ အလက-၁၏ ရွှေရတုအာစရိယပူဇော်ပွဲ)
- ၅:၀၅ ပညာရေးအတွက်ကွန်းခိုရာ ပညာရိပ်ငြိမ်မှာ
- ၅:၂၀ ဂုံညင်းတန်းတံတား
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဓာတ်ပုံထဲမှအမှတ်တရများ (သရုပ်ဆောင်ဇေဇေ၏ ဓာတ်ပုံထဲမှအမှတ်တရများ) (အပိုင်း-၁)
- ၆:၄၅ ဗီဒီယိုပြခန်း
- ၇:၀၅ MHR သင်တန်းကျောင်းမှ ဝေဠုဝန်စာသင်တိုက်သို့ ပရဟိတအလှူပွဲ
- ၇:၂၅ Milestones of Comtemporary Music Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (ငယ်မူပြန်တာကောင်းတယ်၊ ငယ်မူမပြန်တာကောင်းတယ်)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၂)
- ၁၀:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၂၅ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ(သုတေသီ)]
- ၁၀:၅၀ Milestones of Comtemporary Music Selection
- ၁၁:၂၀ တောင်ငူခေတ်ရဲ့ပုံရိပ်ပန်းချီ တော်ဝင်ကေတုမတီ
- ၁၁:၄၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကွင်းဆင်းကုသ

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းနှင့် မန္တလေးတိုင်း တိုင်းရင်းဆေးဆရာအသင်းတို့ ပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁ရက်က တိုင်းရင်းဆေးပညာဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကျောက်ပန်းတောင်းမြို့နယ်နှင့် ညောင်ဦးမြို့နယ်တို့ရှိ လူနာများအား ကွင်းဆင်းကုသပေးစဉ်။ (ခရိုင် ပြန်/ဆက်)

ဥပဒေဘွဲ့ရကျောင်းသား ကျောင်းသူများ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၆

ရန်ကုန်တက္ကသိုလ်(ပင်မ) ဥပဒေဌာနတွင် ၁၉၉၆မှ ၂၀၀၂အထိ ဥပဒေဘွဲ့ ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲကိုကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လှူဒါန်းလိုသူများသည် ကိုသန့်ဇော် ဖုန်း-၀၉-၉၈၂၇၆၅၆၊ မမော်မော်ခင် ဖုန်း-၀၉-၅၀-၂၉၉၅၈၊ ကိုမျိုးမြင့်အောင် ဖုန်း-၀၉-၅၁၆၉၄၁၉၊ ကိုမောင်မောင်နိုင် ဖုန်း-၀၉-၅၄၁၀၄၆၇၊ ကိုအောင်မြင့်ထွန်း ဖုန်း-၀၉-၅၁၅၄၂၂၆၊ ကိုစိန်တင် ဖုန်း-၀၉-၅၁-၁၈၁၆၀၊ ၀၁-၃၈၆၉၄၂၊ ကိုကျော်မျိုးလွင် ဖုန်း-၀၉-၅၀-၃၃၇၁၆၊ မယဉ်ယဉ်မြတ် ဖုန်း-၀၉- ၅၁-၃၂၉၁၁၊ ၀၁-၅၀၄၃၁၆၊ မအေးခင်ညွန့် ဖုန်း-၀၉-၈၆၀၀၁၅၆၊ ကိုအေးနိုင် ဖုန်း-၀၉-၅၀၄၈၁၆၄၊ ကိုသီဟသွင် ဖုန်း-၀၉-၅၁၀၇၇၀၀၊ ကိုဝင်းမြင့်ထူး ဖုန်း-၀၉-၅၀၈၁၄၀၇၊ မငွေးငွေးမြင့် ဖုန်း-၀၉-၅၅၀၃၁၀၉နှင့် မနေရီလင်း ဖုန်း-၀၉-၅၀၄၁၉၈၈တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းနှင့် ပူဇော်ပွဲ ကျင်းပမည့်နေရာနှင့် အချိန်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရောဝတီတံတား(မလွန်) တည်ဆောက်မှုလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် မတ် ၁၂ရက်တွင် နေပြည်တော်ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်း မိုင်တိုင်အမှတ် (၃၇/၆)ရှိ ဌေးချို ရှင်းလင်းဆောင်သို့ရောက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာများနှင့် တွေ့ဆုံကာ လမ်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် အထူးစီမံကိန်းအဖွဲ့(၅)က တာဝန်ယူတည်ဆောက်လျက်ရှိသော ရောဝတီတံတား (မလွန်) ရှင်းလင်းဆောင်သို့ ရောက်ရှိရာ အင်ဂျင်နီယာမှူးကြီး ဦးစိုးမင်းက တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ဘိုးပိုင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ ရောဝတီမြစ်အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းသို့ ဆက်သွယ်မည့် ရောဝတီတံတား(မလွန်) တည်ဆောက်နေမှုကို မိကျောင်း ရဲဘက်ကမ်းမှ ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်သွယ်တည်ဆောက်

ရောဝတီတံတား (မလွန်)သည် ရထားလမ်းနှင့် ကားလမ်း နှစ်လမ်းပါဝင်သော တံတားအမျိုးအစားဖြစ်ပြီး ရောဝတီမြစ်အရှေ့ဘက်ကမ်း မကွေးခရိုင် မကွေးမြို့နယ် မိကျောင်းရဲမြို့မှ ရောဝတီမြစ် အနောက်ဘက်ကမ်း သရက်ခရိုင် မင်းလှမြို့နယ် မလွန်မြို့အနီးသို့ ဆက်သွယ်တည်ဆောက်မည့် တံတားဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မီးဘေး ကြိုတင်ကာကွယ်ရေး သာစည်၌ ဟောပြောဆွေးနွေး

သာစည် မတ် ၁၆

သာစည်မြို့နယ် မီးသတ်ဦးစီးဌာနမှ စခန်းတာဝန်ခံ ဦးမြင့်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် မီးလောင်မှု မဖြစ်ပွားစေရေးအတွက် ယခုရက်ပိုင်းအတွင်း ကွင်းဆင်းသွားရောက်ပြီး ပြည်သူများနှင့် တွေ့ဆုံကာ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်များကို ပညာပေးဟောပြောဆွေးနွေးကြကာလက်တွေ့မီးငြိမ်းသတ်နည်းကိုပါ သရုပ်ပြသသည်။ ထို့အပြင် ညစဉ် မြို့ပေါ်ရပ်ကွက်များ အတွင်းသို့ ကားဖြင့်လှည့်လည်၍ အသံချဲ့စက်ဖြင့် မီးသတိပေးမှုများကို စဉ်ဆက်မပြတ် ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပန်းဘဲတန်းမြို့နယ်၌ ပြိုကျခဲ့သော သုံးထပ်တိုက်ကို အန္တရာယ်ရှိ အဆောက်အအုံအဖြစ် သတ်မှတ်ထားခဲ့

ရန်ကုန် မတ် ၁၆

မတ် ၁၄ရက် ညနေ ၄နာရီ ၄၅မိနစ်တွင် ပြိုကျခဲ့သော ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ သုံးထပ်တိုက်မှာ လွန်ခဲ့သော ခြောက်လမှစတင်၍ တိုက်နံရံများ အက်ကွဲနေသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက လွန်ခဲ့သည့် တစ်ပတ်ခန့်က အန္တရာယ်ရှိအဆောက်အအုံအဖြစ် ကြော်ငြာကပ်ထားခဲ့ကြောင်း၊ မြေညီထပ်တွင် လူနေထိုင်ခြင်းမရှိကြောင်း၊ ပထမထပ်၌လည်း လူနေထိုင်ခြင်းမရှိဘဲ ညစောင့်တစ်ဦးသာ ညပိုင်းတွင် လာရောက် စောင့်ကြပ်ကြောင်း၊ ဒုတိယထပ်တွင် မိသားစု ငါးဦးရှိကာ ၁၅နှစ်အရွယ် မိန်းကလေးတစ်ဦးသာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ တိုက်ပြိုကျပြီးနောက် ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှူးနှင့် ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးယာဉ်လေးစီး၊ မြေသယ်ယာဉ်တစ်စီး၊ မြေတူးယာဉ်နှစ်စီးတို့ဖြင့် တူးဖော်ရှင်းလင်းပေးခဲ့ကြောင်း ထပ်မံသတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်းအတွင်း မီးလောင်မှုများဖြစ်ပွား

နေပြည်တော် မတ် ၁၆

စစ်ကိုင်းမြို့နယ် ဆားတောင်ကျေးရွာအုပ်စု တောင်မြို့ကျေးရွာ၌ မတ် ၁၄ရက် မွန်းလွဲ ၁နာရီ မိနစ် ၅၀ခန့်တွင် မီးလောင်မှုဖြစ်ပွားခြင်းကြောင့် လူနေအိမ် ၁၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

အလားတူ စစ်ကိုင်းတိုင်း တမူးမြို့မှ ၁၀မိုင်ကွာသည့် ဆရာစံကျေးရွာ၌ မတ် ၁၄ရက် မွန်းလွဲ ၂နာရီ မိနစ် ၅၀ခန့်တွင် တောမီးမှ မီးကူးစက်လောင်ကျွမ်းခြင်းကြောင့် လူနေအိမ်ကိုးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ မီးလောင်ဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် မီးသတိပြုကြရန် မီးသတ်ဦးစီးဌာနက တိုက်တွန်းနှိုးဆော်လျက်ရှိသည်။ **(သတင်းစဉ်)**

ဗိုလ်မှူးအေးငွေ (အငြိမ်းစား)၏ သမိုင်းတစ်ကွေ့ ကိုယ်တွေ့မှတ်တမ်းစာအုပ် ဖြန့်ချိ

ရန်ကုန် မတ် ၁၆

စာရေးဆရာကြီး ဗိုလ်မှူးအေးငွေ (အငြိမ်းစား) [ဒဂုံမြတ်လေးနွယ်] ၏ သမိုင်းတစ်ကွေ့ ကိုယ်တွေ့မှတ်တမ်းစာအုပ်ကို ၁၉၈၁ခုနှစ် ဩဂုတ်လတွင် ပထမအကြိမ်အဖြစ် ထုတ်ဝေခဲ့ပြီး ယခု ၂၉နှစ်ကြာပြီးမှ ဒုတိယအကြိမ်အဖြစ် တကောင်းစာအုပ်တိုက်က ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ဝဲပုံ)**

ယင်းစာအုပ်၌ စာရေးဆရာကြီး ဗိုလ်မှူးအေးငွေ(အငြိမ်းစား)၏ ဒုတိယကမ္ဘာစစ်အတွင်း ကိုယ်တွေ့ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မှန်များ၊ နေ့စဉ်မှတ်တမ်းများ ရေးသားပြုစုခဲ့ခြင်းတို့ကို ပြန်လည်တည်းဖြတ်ပြုစု၍ စာအုပ်တစ်အုပ်အဖြစ် ရေးသားထုတ်ဝေခဲ့ခြင်းဖြစ်သည်။ စာရေးသူသည် ယင်းစာအုပ်တွင် မိမိလက်လှမ်းမီသမျှ ဘီအိုင်အေ၊ ဘီဒီအေခေတ် စစ်သားများ၏ဘဝမှန်များ၊ စစ်အတွင်းဂျပန်စစ်သားများနှင့် မြန်မာစစ်သားများ တွေ့ဆုံကြုံခဲ့ကြရသော ဖြစ်ရပ်မှန်များအားလည်းကောင်း၊ ဟီရိုရှီးမား၌ ပထမဦးဆုံး အဏုမြူဗုံးကြဲခဲ့စဉ်က ကိုယ်တိုင်ဂျပန်ပြည်၌ စစ်သံအဖြစ် ရောက်ရှိနေစဉ် တကယ့်အတွေ့အကြုံများကို စိတ်ဝင်စားဖွယ်ရေးသားခဲ့သော စာအုပ်တစ်အုပ်ဖြစ်သဖြင့် ယနေ့ခေတ်လူငယ်များ ဗဟုသုတရစေနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ယင်းစာအုပ်ကို တကောင်းစာအုပ်တိုက်မှ ဖြန့်ချိပြီး စေတနာစာပေ အမှတ်(၅၉) ၁၉ လမ်း ဖုန်း-၀၉-၅၀-၀၁၉၈၃က ထုတ်ဝေပြီး တန်ဖိုးမှာ ငွေကျပ် ၂၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်သူမီးဘေး တားဆီးရေး မနှေးဆောင်ရွက်ကြ

(၁)နှစ်ပြည့် အမည်ပေးမွေးနေ့မင်္ဂလာ

ချစ်သား ပြည့်လေး မောင်စွမ်းထက်ကျော်၏ ၁၇-၃-၂၀၁၀ရက်တွင် ကျရောက်သည့် (၁)နှစ်ပြည့်မွေးနေ့ရက်မြတ်မှစ၍ ကိုယ်စိတ်နှစ်ပါးကျန်းမာ၊ ချမ်းသာ၊ လိမ္မာရေးခြားရှိပြီး ပညာရေးမှာလည်း ထူးချွန်ထက်မြက်၍ ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သည့်ဘဝခရီးကို နောင်နှစ်ပေါင်း ၁၂၀ကျော်တိုင် တည်မြဲနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ပါးပါး-ဦးတင်ဝင်း(ကောင်းကြိုက်မုန့်လုပ်ငန်း)
မားမား-ဒေါ်ကျင်တီ(ဦးပု-မုန့်မျိုးစုံဆိုင်)
ကိုကြီး-မောင်တင်မိုးဦး (PIEC Nursery Snoopy)
ကိုငယ်-မောင်တင်မိုးအောင် (PIEC Nursery Snoopy)









ညှိနှိုင်းဈေးဖြင့် မြေကွက်ရောင်းရန်ရှိသည်

ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းမကြီးပေါ်(နေရာကောင်း)၊ ပေ (၆၂ × ၈၀)၊ နှစ် ၆၀ ဂရန်၊ (ရေ၊ မီး၊ ပါဝါမီတာ၊ ရိုးရိုးမီတာ၊ ဖုန်း)။ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

ဖုန်း-၀၉-၅၁-၅၂၀၇၉။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃၊ မြေကွက်အမှတ် ၉၇၊ မြေကွက်တည်နေရာအမှတ် (၉၇) ကံ့ကော်မြိုင်လမ်း၊ ၃၃ရပ်ကွက်၊ ဒဂုံမြောက် ဦးဟန်တင် (LMN-၀၅၅၉၈၁ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဟန်တင် ကွယ်လွန်သဖြင့် ဒေါ်ရင်လှ ၁၂/ကမတ(နိုင်)၀၄၅၇၉၀က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ပျောက်ဆုံးကြောင်း

ကျွန်မ မမြင့်မြင့်ကြည်၏ နိုင်ငံကူးလက်မှတ်အမှတ် ၈၆၈၉၃၂သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၇၃၀၂၇၀၇၂။**





ပျောက်ဆုံးကြောင်း

ကျွန်မ မချိုချို၏နိုင်ငံကူးလက်မှတ် A-137270သည် ၅-၃-၂၀၁၀ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။ **ဖုန်း-၆၈၃၇၂၂ လိုင်းခွဲ(၄၆၀၃)။**

ကျောက်တန်း ဘိုးဘွားရိပ်သာ ငွေပဒေသာပင် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၀ ရက် နံနက်က ကျင်းပရာ မိဘ၊ ဘိုးဘွားများဖြစ်ကြသော ဦးမောင်မောင်ကြီး-ဒေါ်မြသွင် (ခနောင်ကျေးရွာ) တို့အားရည်စူး၍ ရန်ကုန်မြို့နေ သားသမီး၊ မြေး၊ မြစ်တို့က ငွေပဒေသာပင် ကျပ်၁၁သိန်းကို ကျောက်တန်း ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းလှရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (၁၁၅)

ထန်းတလန်၌ ရေစစ်ကန်သန့်ရှင်းရေး ဆောင်ရွက်

ထန်းတလန် မတ် ၁၆

ထန်းတလန်မြို့ပြည်သူများအား သန့်ရှင်းသော သောက်သုံးရေ ရရှိစေရေးအတွက်ရေထွက်ဧရိယာ ကောင်းမွန်ရေး၊ ရေစစ်ကန်သန့်ရှင်းရေး ဆောင်ရွက်မှုအခြေအနေကို ဖေဖော်ဝါရီ ၂၅ရက်က အမှုဆောင်အရာရှိ ဦးချန်ဟမ်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆွေအုပ်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ကတ္တရာထပ်ပိုးလွှာခင်း

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြတ်လေးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းညွန့် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

စက်မှုလက်မှုအထက အမှတ်(၂)ရန်ကုန်(ဘောင်ဒရီ) ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၆

စက်မှုလက်မှု အထက်တန်းကျောင်း အမှတ်(၂)ရန်ကုန် (ဘောင်ဒရီ) T.H.S (2)တွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ပဉ္စမအကြိမ် ဂါရဝပြု ပူဇော်နိုင်ရန်နှင့် ကျောင်းသားဟောင်းများ ပြန်လည်တွေ့ဆုံနိုင်ရန် မတ်၂၁ရက် (တနင်္ဂနွေနေ့)တွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ဒက္ခိဏာရုံ ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ (မြန်မာ့အလင်း)

ကမ္ဘာ့အလှဆုံးလေဆိပ် အဆောက်အအုံများ

ကမ္ဘာ့အလှဆုံးလေဆိပ် အဆောက်အအုံများ ကမ္ဘာ့အလှဆုံးလေဆိပ် အဆောက်အအုံများ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု - လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံတကာသို့လေကြောင်းခရီးဖြင့် လေယာဉ်များပျံသန်း ဆိုက်ရောက်နိုင်သည့်လေဆိပ်များကို အဆင့်အတန်းမြင့်စွာတည်ဆောက်ထားလျက်ရှိရာ ကမ္ဘာပေါ်တွင် ဒီဇိုင်းအလှပဆုံး လေဆိပ်အဆောက်အအုံအချို့ကို စုစည်းဖော်ပြရပါလျှင်-

ဥရုဂွေးနိုင်ငံမှ ကာရာစကို နိုင်ငံတကာလေဆိပ်

ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုမြို့၌တည်ရှိသည့် ကာရာစကိုနိုင်ငံတကာလေဆိပ်ကို ဥရုဂွေးနိုင်ငံသား ဒီဇိုင်းပညာရှင် ရာဖေးလ်ဗီနိုလီက ပုံစံထုတ်ထားခြင်းဖြစ်သည်။ အမိုးခုံးပုံစံဖြစ်ပြီး ခရီးသည်များ ခေတ္တနားနေဆောင် အဆောက်အအုံသစ် တစ်ခုကို ၂၀၀၉ ခုနှစ်၌ စတင်ဖွင့်လှစ်ခဲ့သည်။

အလှဆုံး

၄င်းလေဆိပ်တွင် အလိုအလျောက်ရွေ့လျားစက်လှေကား၊ အမှတ်တရ ပစ္စည်းအရောင်းဆိုင်များ၊ အထူးနားနေခန်းများပါဝင်ပြီး မီးရောင်များဖြင့် အမြင်ဆန်းစွာ တည်ဆောက်ထားသော လေယာဉ်ပြေးလမ်းများ ပါရှိသည်။ ကမ္ဘာပေါ်တွင် အလှဆုံး လေဆိပ်အဆောက်အအုံများ၌ တစ်ခုအပါအဝင်ဖြစ်သည်။ (အောက်ပုံ) (အင်တာနက်)

ပေကျင်း နိုင်ငံတကာလေဆိပ်

တရုတ်နိုင်ငံမြို့တော် ပေကျင်း၌ တည်ရှိသည့် နှစ်မိုင်ခန့်ရှည်လျားသော ပေကျင်းလေဆိပ်သည် လေယာဉ်ခရီးသည်များ ခေတ္တနားနေစရာ စင်္ကြံများပါရှိသည်။ ယင်းစင်္ကြံများကို နဂါးတစ်ကောင်၏ပုံစံအတိုင်း တည်ဆောက်ထားသည်။ လေဆိပ်အဆောက်အအုံအတွင်း ခရီးသည်အလွယ်တကူ သတိပြုမြင်တွေ့နိုင်သည့် လမ်းညွှန်သတိပေးချက်များ တပ်ဆင်ပေးထားသည်။

ပေကျင်းနိုင်ငံတကာ လေဆိပ်အဆောက်အအုံဒီဇိုင်းမှာ တရုတ်နိုင်ငံ၏ အထိမ်းအမှတ် သင်္ကေတတစ်ခုအဖြစ် လက်ရာမြောက်စွာ တည်ဆောက်ထားသည်။ ပေကျင်းနိုင်ငံတကာလေဆိပ်၌ နှစ်စဉ်ခရီးသည် ၄၈ သန်းခန့် ဝင်ထွက်သွားလာလျက်ရှိသည်။ အလင်းရောင်အမိုးပြားများ၊ သံမဏိချောင်း များ၊ ရောင်စုံမှန်ပြားများဖြင့် စနစ်တကျတည်ဆောက်ထားရာ ကမ္ဘာပေါ်တွင် အလှဆုံး လေဆိပ်တစ်ခုအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ **(အပေါ်ပုံ) (အင်တာနက်)**

စပိန်နိုင်ငံ မက်ဒရစ်မြို့မှ ဘာရာဂျက်စ်နိုင်ငံတကာလေဆိပ်

စပိန်နိုင်ငံ မက်ဒရစ်မြို့ရှိ ဘာရာဂျက်စ်နိုင်ငံတကာလေဆိပ်ကို ဒီဇိုင်းပညာရှင် ရစ်ချပ်ရိုဂါအဖွဲ့မှ ပုံစံထုတ်တည်ဆောက်ထားခြင်းဖြစ်သည်။ ၂၀၀၆ ခုနှစ်၌ ယင်းလေဆိပ်၏ ခရီးသည်များ ခေတ္တနားခိုရာစင်္ကြံအဆောက်အအုံကို ဖွင့်လှစ်ခဲ့သည်။

လေဆိပ် အဆောက်အအုံခန်းမ ခေါင်မိုးအတွင်းပိုင်း၌ သက်တန့်ပုံစံများအတိုင်း တည်ဆောက်ထားသည်။ လေဆိပ်အဆောက်အအုံအတွင်းသို့ နေ့အလင်းရောင်များ တိုက်ရိုက်ဝင်ရောက်နိုင်အောင်လည်း စနစ်တကျဆောက်လုပ်ထားသည်။ ဘာရာဂျက်စ်နိုင်ငံတကာလေဆိပ်သို့ တစ်နှစ်လျှင် ခရီးသည် ၃၅ သန်းခန့် ဝင်ထွက်သွားလာလျက်ရှိသည်။ ကမ္ဘာပေါ်တွင် အလှပဆုံး လေဆိပ်အဆောက်အအုံတစ်ခုလည်း ဖြစ်သည်၊ (အပေါ်ပုံ) (အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်ဆွေ၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်းနှင့် မြကေခိုင်စိုး

လူယုတ်မာလား၊ လူမိုက်လား ခွဲခြားကြည့်ချင်စရာ

နိုင်ငံတကာမှုခင်း

ဆွေ
ရေးသားသည်

ဂျက်ဖရေဒါးမား၏ ဖြစ်ကြောင်းကုန်စင်ကို အပြီးသတ် ဆက်ပြောချင်ပါသေး၏။ သူသည်လူသတ်မှုများကို ဆက်တိုက်ကျူးလွန် ခဲ့သူဖြစ်၏။ သူသတ်ခဲ့သည့် သားကောင်များတွင် အသက် (၁၄)နှစ်အရွယ် အာရှမျိုးနွယ်လူငယ်လေး ကွန်နီရက်လည်းပါဝင်၏။ ဂျက်ဖရေဒါးမားသည် ကွန်နီရက်ကို ချစ်သူအဖြစ် ပေါင်းသင်းဆက်ဆံခဲ့ပြီးမှ နောက်ဆုံးတွင် ရက်စက်စွာ သတ်ဖြတ်လိုက်ခြင်းဖြစ်၏။ မှတ်မိပါစ။

သတ်ဖြတ်

ဂျက်ဖရေဒါးမားသည် နေမြင့်လေ၊ အရှုးရင့်လေဆိုသကဲ့သို့ ကြာလေလေ လူသတ်မှု အရှိန်မြင့်လေလေ ဖြစ်ခဲ့ရသည်။ ရက်သတ္တ တစ်ပတ်လျှင် လူတစ်ယောက်နှုန်းပင် သတ်ဖြတ်သည့်အဆင့်ကို ရောက်နေချေပြီ။

နောက်ဆုံးတွင် ဂျက်ဖရေဒါးမားသည် သူသတ်ဖြတ်ရမည့်သားကောင်ကို နိုင်နိုင်နင်းနင်း ထိန်းချုပ်မထားနိုင်တော့သည့်အဆုံး ထိုသားကောင် ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးခဲ့၏။ လိုက်၍လည်းမမီလိုက်တော့။ လွတ်ထွက်သွားသည့် သားကောင်နာမည်က ထရေစီအိဒွပ်လေ။

ထွက်ပြေး

ထရေစီအိဒွပ်သည် ခြေဦးတည့်ရာထွက်ပြေးနေစဉ်တွင် လမ်းဘေးတစ်နေရာ၌ ရဲများနှင့် ပက်ပင်းတွေ့သွားတော့၏။ လက်ထိပ်ကြီးနှင့် ထရေစီအိဒွပ်ကို ရဲများက လူဆိုးတစ်ယောက်ဟု ထင်ပြီး ဖမ်းဆီးရန်ကြိုးစားသေး၏။ သို့သော် ထရေစီအိဒွပ်သည် ရဲများထင်သကဲ့သို့ လူဆိုးမဟုတ်။ လူဆိုးလက်မှ ကိုယ်လွတ်ရုန်းထွက်ပြေးလာသူ။

ထရေစီအိဒွပ်နှင့်ရဲများတွေ့သည့်အချိန်တွင် ထရေစီအိဒွပ်က ဖြစ်သမျှအကြောင်း အိတ်သွန်ဖာမှောက်ပြောပြ၏။ ဂျက်ဖရေဒါးမားနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရာမှ လွတ်မြောက်အောင် ထွက်ပြေးလာခဲ့ရသည်ဆိုသည်ကို စီကာပတ်ကုံးရှင်းပြ၏။ အခြေအနေအရပ်ရပ်ကို ရဲများကြားသိရပြီးနောက် ဂျက်ဖရေဒါးမားအိမ်သို့ သက်ဆိုင်သူအားလုံးကို ခေါ်ဆောင်သွားတော့သည်။ ဤသို့ဖြင့် ဂျက်ဖရေဒါးမားအိမ်သို့ ရောက်သွားပြီ။

ဂျက်ဖရေဒါးမား၏အိမ်ကား သန့်ရှင်းသပ်ရပ် လှပနေပါ၏။ ကျက်သရေလည်းရှိလှပါ၏။ သို့သော် ပုပ်စော်တထောင်းထောင်းနံနေသည်က တစ်မှောင့်။ ညှီစို့စို့ အနံ့ကြီးတွေလေ။

လူသေအလောင်း

ဂျက်ဖရေဒါးမားအိပ်ခန်းဘက်ကို ရောက်သွားတော့မှ ဒါးမားဆိုသူ ဘယ်သူပါလိမ့်ဟု ရဲများ အကဲခတ်မိသွားတော့၏။ တစ်ခန်းလုံး လူသေအလောင်းများ၏ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေချည်း။

မမြင်ဝံ့အဆုံး၊ မကြည့်ဝံ့အဆုံး၊ တစ်ခန်းလုံးကား သားသတ်ရုံကြီးအတိုင်း။ ဂျက်ဖရေဒါးမား၏ အိမ်ခန်းထဲက မြင်ကွင်းကို ကွက်ကွက်ကွင်းကွင်း မြင်သာအောင် ပြောခဲ့ပြီးဖြစ်ပါ၏။ အားလုံးသိပြီး ဖြစ်ပါလိမ့်မည်။

ကုန်ကုန်ပြောရပါလျှင် ဂျက်ဖရေဒါးမားသည် သာမန်လူတစ်ယောက် မဟုတ်ဘဲ လူဆိုးလူယုတ်မာတစ်ယောက် ဖြစ်နေသည်။ ထိုအချက်ကို ရဲများက လုံးစေ့ပတ်စေ့ သိသွားလေပြီ။ ထို့ကြောင့် ဂျက်ဖရေဒါးမားကို ရဲကဖမ်းပြီး ခေါ်သွားချေပြီလေ။

ကျူးလွန်

ဂျက်ဖရေဒါးမားအကြောင်း ပေါင်းစပ်နားလည်စရာ နောက်ဆက်တွဲကို ဖော်ပြချင်ပါဘိ။ ဂျက်ဖရေဒါးမားသည် လူသတ်မှု ၁၇မှု ကျူးလွန်ခဲ့၏။ ကျူးလွန်ခဲ့သည့် လူသတ်မှုများအနက် ယောကျ်ားတွေလည်းပါ၏။ မိန်းမတွေလည်းပါ၏။ လူကြီးတွေလည်းပါ၏။ လူငယ်တွေလည်းပါ၏။ ယောကျ်ားချင်း ဗလက္ကာရပြုပြီးမှ သတ်ခဲ့သူများလည်းရှိသလို မိန်းမများကို ကာမမှုပြုပြီးမှ ကွပ်မျက်ခဲ့သည်လည်းရှိ၏။ လူသတ်နည်းမျိုးစုံဖြင့် သတ်ခဲ့သည့် ပုံစံမျိုး။ မိမိသည် ရူးသွပ်စိတ်မနှံ့သူ မဟုတ်ကြောင်း ဂျက်ဖရေဒါးမားက တရားရုံးတွင် ထွက်ဆိုပြီး ဖြစ်ရပ်အားလုံးကို မခြွင်းမချန် ဖြောင့်ချက်ပေးသည်။

ဂျက်ဖရေဒါးမား တရားရုံးတွင်ထွက်ဆိုသည့် ထွက်ဆိုချက် အားလုံးပေါင်းသည် စာမျက်နှာ ၁၆ဝရှိ၏။ အစစ်ဆေးခံသည့် သက်သေခံထွက်ဆိုချက်များကို အခြေခံ၍ ပြုစုထားသည့် စာမျက်နှာများဖြစ်၏။ လိုရင်းကို ကောက်နုတ်ပြုစုထားသည့် စာမျက်နှာများတည်း။ ထူးခြားချက်တစ်မျိုးကို ဖော်ပြရလျှင် တရားခံ ဂျက်ဖရေဒါးမားသည် သေဆုံးသူများအား လိင်ဆက်ဆံလိုမှု ဓောကပ်နေသူ။

ထို့အပြင် ဂျက်ဖရေဒါးမားသည် ကျူးလွန်သည့် ရာဇဝတ်မှုများကို စနစ်တကျ စီစဉ်နိုင်သည်။ ပိရိသည်။ ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်သည်။ ခြေရာလက်ရာမပေါ်အောင် ဖုံးဖိနိုင်သည်။ အကျင့်တန်သူမို့ အကြံရှိလေသည်လားမသိ။ သို့သော် ရာဇဝတ်ဘေးသည်ကား ပြေးလွတ်ရိုး ထုံးစံမရှိ။

ဂျက်ဖရေဒါးမားအကြောင်း ပေါင်းစပ်နားလည်စရာ နောက်ဆက်တွဲကို ဖော်ပြချင်၏၊ ဂျက်ဖရေဒါးမားသည် လူသတ်မှု ၁၇မှု ကျူးလွန်ခဲ့၊ ကျူးလွန်ခဲ့သည့် လူသတ်မှုများအနက် ယောကျ်ားတွေလည်းပါ၊ မိန်းမတွေလည်းပါ၊ လူကြီးတွေလည်းပါ၊ လူငယ်တွေလည်းပါ။

တရားရုံးတွင် ဂျက်ဖရေဒါးမား၏ အမှုကိုတရားသူကြီးများက ငါးနာရီကြာ စဉ်းစားခန်းဝင်ပြီးမှ ဆုံးဖြတ်ရသည်။ ဂျက်ဖရေဒါးမား၏ လူသတ်မှု ၁၇မှုနှင့် ပတ်သက်၍ စီရင်ချက်ချသည်။ ပြစ်ဒဏ်မှာ တစ်သက်တစ်ကျွန်း ထောင်ဒဏ်ပေါင်း ၁၇ခု စုစုပေါင်း ထောင်ဒဏ် ၉၃၇နှစ်။

အဆုံးသတ်

ဂျက်ဖရေဒါးမားသည် တရားရုံးက စီရင်ချက်ချချိန်တွင် တရားရုံးသို့တင်သည့် စာမျက်နှာလေးမျက်နှာပါ သူ၏ ထွက်ဆိုချက်များကို အေးဆေးတည်ငြိမ်စွာ ဖတ်ပြသည်။ ထိုစာတွင် သူသည် သူ၏ပြစ်မှုများနှင့်ပတ်သက်၍ ဝန်ချတောင်းပန်ပြီး အောက်ပါသေတမ်းစာဖြင့် အဆုံးသတ်လိုက်ပါ၏ဗျာ။

သူ့စာတွင်-

"ကျွန်တော်ဘယ်သူ့ကိုမျှ မမုန်းပါ။ ကျွန်တော်သည် ယုတ်မာသူ (သို့မဟုတ်) မိုက်မဲသူ(သို့မဟုတ်) နှစ်မျိုးစလုံး သတ်မှတ်သင့်သူ ဆိုသည်ကို သိပါပြီ။ ယခုအခါ ကျွန်တော်သည် အပြစ်ရှိကြောင်း ယုံကြည်လာပါပြီ။ ယခုအခါ ကျွန်တော်တစ်စုံတစ်ရာ ငြိမ်းချမ်းမှု ရရှိလာပါပြီ။ ကျွန်တော်ပြုခဲ့သမျှသည် မည်မျှအန္တရာယ်များသည်ကို ကျွန်တော်သိပါပြီ။ မြတ်ဘုရား၏ ကျေးဇူးကြောင့် ကျွန်တော်လုပ်သမျှ အန္တရာယ်ထပ်ရှိလာ တော့မည်မဟုတ်၊ ကျွန်တော်သည် အန္တရာယ်ကို အဆုံးစွန်အထိ ပြုခဲ့ပြီးဖြစ်ပါသည်။ ဘုရားမှတစ်ပါး ကျွန်ုပ်၏အကုသိုလ်ကို ကယ်တင်နိုင်တော့မည် မဟုတ်ပါဆိုသည်ကို ကျွန်တော်ယုံကြည်ပါပြီ။ ခွင့်လွှတ်ပါရန် အသနားလည်းမခံလိုတော့ပါ" ဟု ဖော်ပြထားသည်။ ဂျက်ဖရေဒါးမား၏ ဘဝနိဂုံး ဘယ်သို့ အဆုံးသတ်မှာပါလိမ့်။ ဆက်လက် လေ့လာကြပေဦးအံ့။ ။

ကိုးကား-အင်တာနက်

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး

ကျောက်ဆည်မြို့၌ ကွင်းဆင်းဆောင်ရွက်

ကျောက်ဆည် မတ် ၁၂

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာကြည့်တိုက်များ စံ(၅)ချက်နှင့် ပြည့်စုံစေရေး၊ ခိုင်မာသည့် စာငှားစနစ်ဖြင့် ငှားရမ်းနိုင်ရေး၊ ငွေပဒေသာပင် ထားရှိနိုင်ရေးတို့ကို ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးဦးစီး၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မတ် ၈ရက်တွင် ကျောက်ဆည်မြို့နယ် ငယ်တိုးကျေးရွာအုပ်စု ညောင်ဝန်းကျေးရွာ ပန်းလိပ်ပြာစာကြည့်တိုက်နှင့် ပွတ်ကိုင်ကျေးရွာအုပ်စု ပုထိုးတိုင်ကျေးရွာ ဘ၀နေခြည်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲများ ဆောင်ရွက်ခဲ့သည်။

လက်ခံယူ

ရှေးဦးစွာ နံနက်၈နာရီတွင် ညောင်ဝန်းကျေးရွာ ပန်းလိပ်ပြာ စာကြည့်တိုက် အဆောက်အအုံသစ်ကို ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးကံချွန်၊ ရပ်မိရပ်ဖ ဦးစိုးစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးက စာကြည့်တိုက် ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ်များကို ရှင်းလင်းဟောပြောပြီး နေ့စဉ်ထုတ်သတင်းစာ၊ စာအုပ်များနှင့်သုတရသစာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူကာ စာကြည့်တိုက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ခရိုင်ဦးစီးအရာရှိက စေတနာရှင်များ လှူဒါန်းသော စာအုပ်စာစောင်များနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းမှုများကို လက်ခံယူသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် ပုထိုးတိုင်ကျေးရွာ ဘ၀နေခြည်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်စာစောင်၊ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲနှင့် ဟောပြောပွဲအခမ်းအနား ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးက စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ခိုင်မာသည့် စာငှားစနစ်ဖြင့် ငှားရမ်းခြင်း၊ ငွေပဒေသာပင် စိုက်ထူခြင်း စသည့်လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခြင်းနှင့်စာပေရေးရာအကြောင်း သိကောင်းစရာများကို ပြောကြား ဆွေးနွေးသည်။ ထို့နောက် ခရိုင်ဦးစီးအရာရှိက သုတရသ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းပြီး စေတနာရှင် အလှူရှင်များက ပေးအပ်လှူဒါန်းသော စာအုပ်စာစောင်များနှင့် ငွေပဒေသာပင် ငွေကျပ် ၉၅၀၀၀ကို လက်ခံယူသည်။ ဆက်လက်၍ ရပ်မိရပ်ဖ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ခရိုင်ဦးစီးအရာရှိဒေါ်ဝေဝေဖြိုးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်ကျော်ဦးတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ခရိုင် ပြန်/ဆက်)**

ဖေဖော်ဝါရီ ၁၀ရက်က မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇင်မင်းထွဋ် တာဝန်ယူဆောင်ရွက်ခဲ့သော ဖွဲ့ကပင်လမ်း လမ်းပေါက်ဖာထေးခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကွင်းဆင်းကြီးကြပ်စဉ်။
(မြို့နယ်စည်ပင်)

တောင်ငူမြို့ (၁၆)ရပ်ကွက် အမှတ် (၆)လမ်းကတ္တရာလမ်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က အဆိုပါလမ်း ထိပ်မုခ်ဦး၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးလှမင်းထွဋ်နှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်တို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့်အမှတ်(၃)ရပ်ကွက် ပြည်သူများပူးပေါင်း၍ သပြေလမ်း ကွန်ကရစ်မြောင်း တည်ဆောက်မှုလုပ်ငန်းကို ဇန်နဝါရီ ၂၉ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်နှင့် ရပ်ကွက်ဥက္ကဋ္ဌတို့ကကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ရန်ကုန် မတ် ၁၅

အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုညစာစားပွဲ တည်ခင်း

Doaru Cosmetics က မတ် ၁၁ရက်၌ Chatrium Hotel ၌ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ရှိ အရောင်းကိုယ်စားလှယ်ကြီးများ၊ လက်လီလက်ကားဆိုင်ရှင်ကြီးများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

နှုတ်ခွန်းဆက်

အခမ်းအနားတွင် DKSHမှ General Manager Mr. Preman က အဖွင့်အမှာစကားပြောကြားပြီး Doaru Cosmetics မှ Director ဦးတင်အောင်က ကျေးဇူးတင်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပထမဆုရအရောင်းကိုယ်စားလှယ်ကြီးများနှင့် လက်လီလက်ကားဆိုင်ရှင်ကြီးခုနစ်ဦးအား Doaru Cosmetics မှ Managing Director ဦးခင်မောင်လေးက လည်းကောင်း၊ ဒုတိယဆုရ အရောင်းကိုယ်စားလှယ်ကြီးများနှင့် လက်လီလက်ကားဆိုင်ရှင်ကြီး ငါးဦးအား Doaru Cosmetics မှ Director ဦးတင်အောင်က လည်းကောင်း၊ တတိယဆုရ အရောင်းကိုယ်စားလှယ်ကြီးများနှင့် လက်လီလက်ကားဆိုင်ရှင်ကြီး ကိုးဦးအား Doaru Cosmeticsမှ Director ဦးဝင်းနိုင်က လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တေးသံရှင် ချမ်းချမ်းနှင့် အေသင်ချိုဆွေ၊ လူရွှင်တော်ရွှေဖလားအဖွဲ့တို့က ဖျော်ဖြေတင်ဆက်ကြပြီး Dream Boad အဖွဲ့က စိတ်ဝင်စားဖွယ် Game အစီအစဉ်များဖြင့် တင်ဆက်ပြသသည်။ ယင်းနောက် တက်ရောက်လာသော ဧည့်သည်တော်များထဲမှ ကံထူးရှင် ၁၀ဦးအား ရွေးချယ်၍ Electronic ပစ္စည်း ၁၀မျိုး မဲနှိုက်ရွေးချယ်ပေးခဲ့သည်။ (ဝဲပုံ) **(သတင်းစဉ်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ပင်းတယမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော မိုင်းအင်-မိုင်းလီ ကျေးရွာချင်းဆက်လမ်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့က ရှင်းလင်းပြသစဉ်။
(မြို့နယ် ပြန်/ဆက်)

နေပြည်တော် မတ် ၁၆

သုခရိပ်စာကြည့်တိုက်အဆောက်အအုံ

နေပြည်တော်လယ်ဝေး၌ ဖွင့်ပွဲကျင်းပ

နေပြည်တော်လယ်ဝေး သာဝတ္ထိ သုခရိပ်စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲနှင့် စာအုပ် စာစောင်၊ ငွေပဒေသာပင် လှူဒါန်းပွဲကို မတ် ၉ရက် နံနက် ၉နာရီက သာဝတ္ထိ ကြံခင်းရပ် ရန်ကုန်-မန္တလေး မော်တော်ကားလမ်းအနီးတွင် ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်တက်ရောက်၍ သုခရိပ် စာကြည့်တိုက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

လက်ခံယူ

ရှေးဦးစွာ နေပြည်တော်လယ်ဝေး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်က သုခရိပ် စာကြည့်တိုက်နှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး နေပြည်တော်ခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်း ငွေကျပ် ငါးသိန်းကို ဥက္ကဋ္ဌဦးအောင်ခင်က လည်းကောင်း၊ နေပြည်တော်လယ်ဝေး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက လှူဒါန်းငွေကျပ် နှစ်သောင်း ငါးထောင်ကို ဥက္ကဋ္ဌ ဦးအောင်လွင်ကလည်း ကောင်း ပေးအပ်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးတင်ထွန်းက လက်ခံယူသည်။

လှူဒါန်း

ဆက်လက်၍ ဒေသခံပြည်သူများ ကိုယ်စား မြို့မိမြို့ဖ ဦးအောင်သိန်းက ငွေပဒေသာပင်အတွက် လှူဒါန်းငွေကျပ် သုံးသိန်းပေးအပ်ရာ နေပြည်တော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနဦးစီးမှူး ဒေါ်အေးအေးခိုင်က လက်ခံ ယူပြီး သုခရိပ်စာကြည့်တိုက်အဆောက်အအုံ သွပ်မိုးအတွက် လှူဒါန်းငွေကျပ် လေးသိန်း အား အလှူရှင်များကိုယ်စား ရပ်မိရပ်ဖ ဦးသက်ခိုင်က မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင် ထံသို့လည်းကောင်း၊ သတင်းစာ၊ ဂျာနယ် တစ်နှစ်စာအတွက် အငြိမ်းစား မြို့နယ် ပညာရေးမှူး ဦးအောင်မြင့်က လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးကိုကြီးကလည်း ကောင်း၊ သာဝတ္ထိအုပ်စုမှ ဦးယဉ်ထိုက်က ရေဒီယိုတစ်လုံးလှူဒါန်းရာ ကျေးရွာအုပ်စု အဖွဲ့ဝင် ဦးအောင်ကိုလတ်ကလည်းကောင်း အသီးသီး လက်ခံယူပြီးနောက် စာကြည့်တိုက် ဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းလှိုင်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် သုခရိပ်စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီး ဌာန ဦးစီးမှူးဦးကိုကိုကြီးနှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးတင်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

မောက်မယ်မြို့၌ ကျောင်းဆောင်သစ်ပြီးမြောက်ရေး အလှူငွေပေးအပ်

မောက်မယ် မတ် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့ အခြေခံပညာအထက်တန်းကျောင်းဆောင်သစ်ပြီးမြောက်ရေးအလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင့်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

အလှူငွေများပေးအပ်

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင့်ဆွေက လှူဒါန်းငွေကျပ် တစ်သိန်းကို မြို့မိမြို့ဖဦးလေးသန်းက လက်ခံယူပြီး စေတနာရှင် အလှူရှင်များက ပေးအပ်လှူဒါန်းသော အလှူငွေများကို တာဝန်ရှိသူများက လက်ခံယူကြကာ ဂုဏ်ပြုလွှာများ အသီးသီးပြန်လည် ပေးအပ်ကြသည်။

လှူဒါန်း

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းမြင့်က အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အဆိုပါအခမ်းအနားတွင် အလှူရှင် ၇၆ဦးတို့၏ စုပေါင်းလှူဒါန်းငွေများမှာ ငွေကျပ်၂၅၅၈၀၀၀ ဖြစ်သည်။ ***(ခရိုင် ပြန်/ဆက်)***

မြို့နယ် သတင်း ထွေတလာ

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး (သန့်)ဦးဆန်းလှိုင်ဦးနှင့်အဖွဲ့ မြို့ပေါ်ရပ်ကွက်များ၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းဆောင်ရွက်စဉ်။
(သတင်းစဉ်)

မြစ်ကြီးနားမြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း တိုင်းရုံးဌာနခွဲ လေယာဉ်ဆီဆိုင် အမှတ် (၀၆၂၈)၊ ဆိုင်အမှတ် (၀၆၆၈)တို့ကို မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်း၊ မီးငြိမ်းသတ်ရေး လက်တွေ့လေ့ကျင့်ခြင်းနှင့် သိုလှောင်ရုံများ လိုက်လံစစ်ဆေးခြင်းကို မတ်၁ရက်က ပြုလုပ်ရာ တိုင်းရောင်းဝယ်ရေးအရာရှိ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တပ်ဖွဲ့ဝင်များ သရုပ်ပြလေ့ကျင့်ကြစဉ်။(၀၀၃)

ကလေးမြို့ ဓမ္မရောင်ခြည် မဟာစည်သာသနာ့ရိပ်သာတရားစခန်းဖွင့်မည်

ကလေးမြို့ ဓမ္မရောင်ခြည်မဟာစည်သာသနာ့ရိပ်သာတွင် (၆)ကြိမ်မြောက် လူငယ်များယဉ်ကျေးမှုသင်တန်းတရားစခန်းကို မတ် ၂၉ရက်မှ ဧပြီ ၇ ရက်အထိ လည်းကောင်း၊ (၂၄)ကြိမ်မြောက် လူကြီးတရားစခန်းကို ဧပြီ၁၁ရက်မှ ၂၅ရက် အထိလည်းကောင်း ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းတွင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယ ဝိပဿနာ တရားများကိုခံယူလျက် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာမှ ဆရာတော်များ ဖြစ်ကြသည့် ဘဒ္ဒန္တပညာဇောတ(ဓမ္မာစရိယ) (ကမ္မဋ္ဌာနာ ဝန်ဆောင်ဆရာတော်)၊ ဘဒ္ဒန္တဉာဏ်ဏောဘာသ(ကလေးရိပ်သာဆရာတော်)၊ ဘဒ္ဒန္တပညာသာမိ (ဓမ္မာ စရိယ) (ကမ္မဋ္ဌာနာဝန်ဆောင်ဆရာတော်)၊ ဘဒ္ဒန္တသံဝရ(ဓမ္မာစရိယ) (ကမ္မဋ္ဌာနာ ဝန်ဆောင်ဆရာတော်)တို့က ဟောကြားပြသသွားမည်ဖြစ်သည်။

လူငယ်တရားစခန်းဝင်လိုသူများသည် မတ် ၂၈ ရက်နောက်ဆုံးထား၍ လည်းကောင်း၊ လူကြီးတရားစခန်းဝင်လိုသူများသည် ဧပြီ ၁၀ ရက်နောက်ဆုံး ထား၍လည်းကောင်း စာရင်းပေးသွင်းကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်နှင့် ဆေးဝါးများလှူဒါန်းလိုသောအလှူရှင်များသည် **ဓမ္မရောင်ခြည်မဟာ စည်သာသနာ့ရိပ်သာ (၃)ရပ်ကွက် ကလေးမြို့ ဖုန်း-၀၈၁-၅၀၁၃၂၊ တော်ဝင် ပုံနှိပ်တိုက် (၅)ရပ်ကွက် ကလေးမြို့၊ ဒေါ်နုနု(နုရတနာရွှေဆိုင်) (၄)ရပ်ကွက် ကလေးမြို့၊ ဦးမျိုးထွန်း (ပြည့်စုံစတိုး) (၃)ရပ်ကွက် အောင်ပန်းမြို့နှင့် ဆရာမဒေါ်တင်တင်နွယ် (၁)ရပ်ကွက် အောင်ပန်းမြို့**တို့သို့ ဆက်သွယ်လှူဒါန်းနိုင် သည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့
ဓမ္မရောင်ခြည်မဟာစည်သာသနာ့ရိပ်သာ
ကလေးမြို့၊ ဖုန်း-၀၈၁-၅၀၁၃၂။



သတင်းကောင်း

အိမ်သုံးဆေး အရောက်ပို့စနစ်ဖြင့် ရောင်းချပေးပါသည်။ ပစ္စည်းမှန်၊ ဈေးမှန်။
သတင်းကောင်းဝန်ဆောင်မှုလုပ်ငန်း ဖုန်း-၅၆၃၀၉၃။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ် (၆)ရပ်ကွက်၊ မြေကွက်အမှတ် ၅၉၀၊ ဧရိယာ စတုရန်းပေ ၂၄၀၀ရှိသော နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ၁၇လမ်း၊ အမှတ်၅၉၀ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံ အပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံးတို့အား တရားဝင်ဆက်ခံ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာကြသော ဒေါ်ခင်လှ ၁၂/ဥကတ(နိုင်) ၀၅၈၉၃၉ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေ အားပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့် ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင် ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း(စဉ်-၆၀၈၂)
B.A., H.G.P., C.B.L., D.B .L., D.M.L
ဥပဒေအကျိုးဆောင်၊
အမှတ် ၁၀/၁၂၊ ပထမထပ် (အေ-၅)၊
၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၉၈၂၅၇၃၆၊ ၀၉-၅၀၇၀၆၇၇။

ကန့်ကွက်နိုင်ပါသည်

ရမည်းသင်းခရိုင်၊ နေပြည်တော်ပျဉ်းမနား၊ တောင်ညိုသွားကားလမ်း၊ ယောက် သွားအင်းကျေးရွာအုပ်စု၊ အကွက်အမှတ် ၁၆၅၂၊ ဦးပိုင်အမှတ် ၄၉၊ ဧရိယာ ၀ဒသမ၈၅ ဧကရှိ သစ်စက်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိတရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဟူ၍ ဝန်ခံသူ နေပြည်တော်ပျဉ်းမနား၊ မင်္ဂလာရပ်၊ ဗိုလ်လက်ျာလမ်း၊ အမှတ် ၆/၁၇တွင် နေထိုင်သူ ဒေါ်မြင့်မြင့်သန်း ၉/ပမန(နိုင်)၀၁၈၁၂၈ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၄င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက် လိုပါက ယနေ့ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မမ
B.A(Law)., L L .B
တရားရုံးချုပ်ရှေ့နေ(စဉ်-၂၇၁၃)
အမှတ် ၁၁၆၁၊ ရွှေပြည်သာ ၅လမ်း၊ (၃၂)ရပ်ကွက်
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၈၀၄၃၈။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၈၅၉၂၉ ဟွန်ဒါ ဒရင်း ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ရ ၉/မတလ(နိုင်)၀၀၉၄၃၇က ယာဉ်မှတ်ပုံ တင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

ကညန၊ (ခရိုင်ရုံး)၊ မိတ္ထီလာမြို့။

ရန်ကုန်တိုင်း မော်ဘီမြို့နယ် ဇောတိရိပ်ငြိမ်တောရကျောင်း၌ တည်ထားပြီးဖြစ်သော အိန္ဒိယနိုင်ငံ-ဗုဒ္ဓဂယာပုံတူ

အပရာဇိတ လာဘဇောတိစေတီတော်မြတ်ကြီး
စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲ

ဖိတ်ကြားလွှာ

မော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကြီးကျေးရွာ၊ ဇောတိရိပ်ငြိမ်တောရကျောင်း၌ (၁၃၇၁ ခုနှစ် တန်ခူးလဆန်း၇ရက်) ၂၁-၃-၂၀၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီအချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုပူဇော်နိုင်ပါရန် ဝေနေယျအများတို့အား လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း- **ဘုရားဒါယကာ၊ ဒါယိကာမများ၊**
၅၇၇၉၄၈၊ ၅၇၉၆၂၇။ **အလှူရှင်များ။**

Hard Disk ပျက်လျှင် System + Software သာမက အစားထိုးမရသည့် Data များပါ ပျောက်ဆုံးသွားပါသည်။ သို့သော် ထိုသို့ မပျောက်ဆုံးရအောင် ထာဝစဉ်သိမ်းပေးထားမည့် ယုံကြည်စိတ်ချ အားထားရသည့် Raid နည်းပညာသုံး (Branded)

SERVER များကို

ဈေးနှုန်းချိုသာစွာ ရနိုင်ပါသည်။

Internet Cafe , Company & Super Mart
စသည့် လုပ်ငန်းကြီးများအတွက် မရှိမဖြစ် လိုအပ်ပါသည်။

ချန်ပီယံ၊ အမှတ်၂၈၂၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၃၈၅၉၃၄။

မင်္ဂလာဒုံမြို့နယ်၊ပတ္တမြားမြို့သစ်အောင်သစ္စာပတ္တမြားရတနာကျောင်း

သိမ် ဆက်လက်လှူဒါန်းကြပါရန်

(အကြမ်းထည် ပြီးစီးပါပြီ)

ခေါင်းရင်းခန်း	(ကမ္ပည်းထိုး)	ကျပ် ၁၅ သိန်း
၁၀ ပေခန်း	(ကမ္ပည်းထိုး)	ကျပ် ၁၀ သိန်း
ငါးပေခန်း	(ကမ္ပည်းထိုး)	ကျပ် ၅ သိန်း
မျက်နှာကြက်	(ကမ္ပည်းထိုး)	ကျပ် ၂၀ သိန်း
တံခါးတစ်ပေါက်		ကျပ် ၁ သိန်း
မြန်မာမှုတစ်ကွက်		ကျပ် ၅ သောင်း

ဆက်သွယ်လှူဒါန်းနိုင် ဖုန်း-၆၃၈၃၅၇၊ ၇၃၀၀၆၇၉၀။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(မြေကွက်ကျယ်ကျယ်၊ ဈေးပေါပေါ)

၁။ ချောင်းသာကမ်းခြေ အဆင့်မြင့်ဧည့်ရိပ်မွန်အသစ် မြေစတုရန်းပေ ၃၆၀၀၀ ပေါ်တွင် R.C အဆောက်အအုံ စတုရန်းပေ၁၄၆၄၀ ဆောက်ထားပါသည်။ အခန်း ၃၀ ပါရှိပါသည်။ အခန်းအားလုံး ကြွေပြားခင်း /ကပ်ထား၊ ဘိုထိုင်အိမ်သာ။

၂။ R.C တစ်ထပ်တိုက်သစ် (လူမနေရသေး) မြေပေ ၁၆၀×ပေ၁၆၀ (လေးကွက်တွဲ) သီးပင်စားပင်၊ ပန်းအလှပင်များစိုက်ပြီး၊ ပြည်ထောင်စုလမ်းမကြီးပေါ် (၄၆) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်။

ဆက်သွယ်ရန်
ဖုန်း-၀၉-၅၂၀၁၉၄၆၊ ၀၉-၅၄၀၂၂၇၆၊ ၀၁-၇၀၆၃၀၃။

အမွေပြတ် စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ စိန်ပန်းရပ်၊ ပြည်တော်အေးလမ်း၊ အိမ်အမှတ် စ/၅၂၂ နေ ဦးတင်ဝင်း-ဒေါ်စော (ရွှေရည်ဝင်းမုန့်တီဖို)တို့၏သမီး မစိုးဝင်း ၁၃/တကန (နိုင်) ၀၂၂၆၇၀သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိ၏ သဘော ဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။

၄င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန် မယူပါ။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)
ဦးတင်ဝင်း-ဒေါ်စော။

ပိဋကတော် ပုဏ္ဏောဝါဒသုတ္တံအလာ သာသနာသမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီး၌ လုံးတော်ပြည့် ရွှေသင်္ကန်းကပ် အောင်ပွဲနှင့် စိန်ဖူးတော်တင်လှူပူဇော်ပွဲ အခမ်းအနားဖိတ်ကြားခြင်း

မကွေးတိုင်း၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ကျောင်းတော်ရာဒေသရှိ စန္ဒကူးနံ့သာ ကျောင်းတော်ရာ စေတီတော်မြတ်ကြီးအား နေပြည်တော်၊ တိုင်း၊ခရိုင်၊ မြို့နယ်၊ တပ်မတော်၊ ပြည်သူ့ရဲ၊ တပ်ရင်းတပ်ဖွဲ့များနှင့် ပြည်သူပြည်သားများမှ စေတီတော်မြတ်ကြီး၏ နေရာဌာနအသီးသီးနှင့် အရံစေတီများအား သီးခြားစီအလှူရှင်အဖြစ် တာဝန်ယူ၍ လှူဒါန်း ပူဇော် ဆောင်ရွက်အားထုတ်ခဲ့ကြရာတွင် ယခုအခါ၌ ပြီးမြောက်အောင်မြင်ခြင်းသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်အောင်ပွဲနှင့် စေတီရံများ ရွှေသင်္ကန်း ကပ်အောင်ပွဲ၊ စိန်ဖူး-ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲတို့ကို အောက်ဖော်ပြပါ အစီအစဉ် အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ အလှူရှင်များနှင့် ပရိသတ်အပေါင်း တို့က ကိုယ်တိုင်ကြွရောက်၍ ဝမ်းမြောက်နမော် သာဓုခေါ်နိုင်ကြစေရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

ကျင်းပမည့်ရက် - (၁၃၇၁ခုနှစ် တန်ခူးလဆန်း ၇ရက်)
၂၁-၃-၂၀၁၀ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၈နာရီမှ ညနေ ၄နာရီအထိ
ကျင်းပမည့်နေရာ - စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား၊ ကျောင်းတော်ရာမြို့သစ်။

အကျိုးဆောင်ချုပ် ဆရာတော် အရှင်ဓမ္မာစာရ သာသနဓဇ ဓမ္မာစရိယနှင့်
လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရေးကော်မတီ
ကျောင်းတော်ရာ၊ ပွင့်ဖြူမြို့နယ်။

ကန်ထရိုက်တာ ဦးစန်းဝင်းဦး၊ ဒေါ်ဝင်းမာနှင့် အများသိစေရန်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ နေမျိုးသူရလမ်း၊ အမှတ် ၉နေ ဦးစံသိန်း ၁၂/ဗဟန(နိုင်) ၀၄၅၆၈၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးစံသိန်း ပိုင်ဆိုင်သော ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ နေမျိုးသူရလမ်း၊ မြေကွက်အမှတ် (၁၂၁၂)ဟုခေါ်တွင် သော မြေကွက်ပေါ်တွင် ကန်ထရိုက်တာ ဦးစန်းဝင်းဦး၊ ဒေါ်ဝင်းမာတို့က ခြောက်ထပ်တိုက် ကန်ထရိုက်တာ အဆောက်အအုံအား ဆောက်လုပ်ခဲ့ရာတွင် ၁၅-၇-၂၀၀၇ရက်စွဲပါ ကန်ထရိုက်တာစနစ်ဖြင့် ခြောက်ထပ်တိုက် ဆောက်လုပ် ရန် နှစ်ဦးသဘောတူ ကတိစာချုပ်အတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောက်လုပ်ခြင်း မရှိသည့်အပြင် ယခုအချိန်ထိတိုင်အောင် အဆောက်အအုံအား ပြီးစီးအောင် ဆောက်လုပ်ခြင်းမရှိ၍ မြေရှင်မှ ကန်ထရိုက်တာများအား အဆောက် အအုံပြီးစီးအောင် ဆောက်လုပ်ပေးရန် အကြိမ်ကြိမ် သတိပေးပြောကြားခဲ့သော် လည်း ကန်ထရိုက်တာဘက်မှ လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ စာချုပ်ပါ ပဋိညာဉ်စည်းကမ်းကို ဖောက်ဖျက်ခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးစံသိန်းက ကန်ထရိုက်တာတို့နှင့် ချုပ်ဆိုထားသည့် ၁၅-၇-၂၀၀၇ ရက်စွဲပါ နှစ်ဦး သဘောတူ ကတိစာချုပ်ကို ပယ်ဖျက်လိုက်ပြီးဖြစ်ကြောင်းနှင့် တိုက်ခန်းဝယ်ယူ ထားသူများသည် ကန်ထရိုက်တာ ဦးစန်းဝင်းဦး၊ ဒေါ်ဝင်းမာတို့နှင့်သာ ဖြေရှင်း ဆောင်ရွက်ရန် အသိပေးကြေညာအပ်ပါသည်။

(မြေရှင်) **လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးစံသိန်း **ဦးရဲထွန်း**
LL.B., D.B.L., D.M.L., D.A. Psy
တရားရုံးချုပ်ရှေ့နေ
တိုက်အမှတ် (၉/၁၁)၊ သုံးလွှာ၊ အခန်း(၄)၊ ၃၆လမ်း၊
ကျောက်တံတားမြို့နယ်။

မီးဘေးကြိုတင်ကာကွယ်

ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ စီမံချက်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၃ရက်က ဆားမလောက်ကျေးရွာရှိ အရက်ချက်စက်ရုံကို ဧရာဝတီတိုင်း မီးသတ်ဦးစီးဌာနမှူး ဦးမြင့်စိုး၊ မအူပင်ခရိုင် မီးသတ်ဦးစီးမှူးနှင့် မြို့နယ် မီးသတ်ဦးစီးမှူးတို့က မြို့နယ်အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စက်ရုံမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ်မီးသတ်တပ်ဖွဲ့)

ပန်းအလှပင်ပြုပြင်

ကွမ်းဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မဟာကမ္ဘာဇ ပြည်ငြိမ်းအေးစေတီလမ်းတွင် ပန်းအလှပင်များ ပြုပြင်ခြင်းလုပ်ငန်းနှင့် မြက်ခင်း အလှပြုပြင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၅ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်မည့်

ပြင်ဦးလွင်မြို့နယ် ရတနာပုံတယ်လီပို့ အဆောက်အအုံ

နေပြည်တော် မတ် ၁၆

နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေးကို ရှေးရှုကာ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

တိုးတက်ပေါ်ထွန်းရေး

နိုင်ငံတော်၏ စေတနာမှန်ကြောင့် ပြည်ထောင်စုတစ်ဝန်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး အနာဂတ်တွင် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ပေါ်ထွန်းရေးအတွက် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ၁၄မိုင်အကွာရှိ ပြင်စာကျေးရွာအနီး၌ ရတနာပုံမြို့သစ်ကြီးကို တည်ဆောက် အကောင်အထည်ဖော်ပေးခဲ့သည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၅ ●

သတင်းမှတ်စု
တင်မာဝင်းနှင့် မြကေခိုင်စိုး

ဓာတ်ပုံမှတ်တမ်း
မြန်မာ့အလင်း

စာမျက်နှာဖွဲ့စည်းမှု
ယဉ်ယဉ်အေး (မြန်မာ့အလင်း)

မီးမလောင်မီ (ပြည်သူတို့၏တာဝန်)

(က) မီးဘေး ကြိုတင်ကာကွယ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပါ။

(ခ) ရပ်ကွက်များတွင် မီးဘေးလုံခြုံရေးအတွက် မီးကင်းများ ချထားရာတွင် ကူညီဆောင်ရွက်ပါ။

(ဂ) မီးသတ်တပ်ဖွဲ့မှ မီးဘေး လုံခြုံရေးအတွက် လာရောက် စစ်ဆေးသည့်အခါ ကူညီပေးရန်နှင့် အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ။

(ဃ) မီးဘေးတားဆီးရေးအတွက် ပြည်သူလူထုမှ ကူညီဆောင်ရွက်ကြပါ။

(င) မိမိအိမ်မှ စတင်ပြီး မီးမလောင်စေရေး၊ ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်ထားပါ။

(စ) အိမ်တိုင်းတွင် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများကို အသင့်ထားရှိပါ။

(ဆ) မီးလောင်ကြောင်း အချက်ပေးနိုင်ရန်အတွက် သံချောင်း၊ အုန်းမောင်း၊ ကုလားတက်၊ ဖားစည်၊ မောင်း အစရှိသည့် ပစ္စည်းများ အသင့်ထားရှိပါ။

(ဇ) ပူပြင်းသော ရာသီအချိန်များတွင် တဲအိမ်များ၌ မြေစိုက် မီးဖိုများ ပြုလုပ်သုံးစွဲပါ။

(ဈ) အရိပ်ရပင်၊ လေကာပင်များ စိုက်ပျိုးထားရှိပါ။

(ည) မီးသတ်ယာဉ်များ အစဉ်ကောင်းမွန်စေရေးအတွက် လှူဒါန်း ပံ့ပိုးပေးကြပါ။

ထူးခြားသည့် နေ့အပူချိန်
၁၆-၃-၂၀၁၀

ဘားအံမြို့	၄၀ ဒီဂရီစင်တီဂရိတ်
မုံရွာမြို့	၄၀ ဒီဂရီစင်တီဂရိတ်